The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-6-2004) (၄၂၅၉)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ရက်က ရခိုင်ပြည်နယ် ပေါက်တောမြို့ လေပြင်းတိုက်ခတ်မှုဒဏ်ခံရသော အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး
လေပြင်းတိုက်ခတ်မှုဒဏ်ခံရသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု
ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အဝတ်အထည်များ ပေးအပ်

ရန်ကုန် ဇွန် ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် ရခိုင်ပြည်နယ် ပေါက်တောမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

အစိုးရနည်းပညာကောလိပ် (စစ်တွေ)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်နေသော အစိုးရနည်းပညာကောလိပ်(စစ်တွေ)၏ ပင်မသုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror

၉-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်ရေး စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မွမ်းမံ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးပွားခိုင်မာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့အတွက် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတွင် လိုအပ်ချက်တစ်ခုဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီးနှင့်တကွ တစ်နိုင်ငံလုံးရှိ မြို့ကြီးပြကြီးများကို နိုင်ငံတကာမြို့တော်ကြီးများ၊ မြို့ပြကြီးများ၏ အင်္ဂါရပ်များနှင့် ဆီလျော်စွာ ဖြစ်ထွန်းလာစေရေးအတွက် အဆင့်မြှင့်တင် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ရန်ကုန်မြို့တော်တွင် ခေတ်မီအဆင့်မြင့်တိုက်တာအဆောက်အအုံများသာမက သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည် ဝေဆာသပ်ရပ်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြို့တော်အတွင်း လမ်းမကြီးများ၊ လမ်းလယ်ကျွန်းများ၊ အဝိုင်းကြီးများကို စိမ်းလန်းစိုပြည် သပ်ရပ်မှုရှိစေရေး ပြုပြင်မွမ်းမံလျက်ရှိသကဲ့သို့ မြို့တော်တစ်ခွင်တစ်ပြင်လုံး သစ်ပင်ပန်းပင်များဖြင့် လှပဝေဆာစေရေး၊ ကန်တော်ကြီး ပတ်ဝန်းကျင်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီး ဖြစ်ထွန်းလာစေရေး အစီအမံများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၅ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး (၂/၂၀၀၄)သို့ တက်ရောက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေးနှင့်စပ်လျဉ်း၍ **မြို့တော်ကြီးတစ်ခွင်လုံး လမ်းများ၊ လမ်းဘေးရေမြောင်းများ၊ ပလက်ဖောင်းများ ပျက်စီးယိုယွင်းမှုမရှိစေရအောင် အမြဲမပြတ် ကြည့်ရှုစစ်ဆေး ပြုပြင်မွမ်းမံဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း၊ မြို့တွင်းပိုင်းဒေသများတွင်သာမက အခြေခံလူတန်းစား အများစုကြီးနေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်များအတွင်းရှိ လမ်းများကောင်းမွန်အောင်၊ ရေစီးရေလာကောင်းမွန်အောင်၊ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်လာအောင် စီမံဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း** မှာကြားသွားသည်။

ရန်ကုန်မြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမြို့တော်အင်္ဂါရပ်များနှင့်အညီ အဆင့်မီအဆောက်အအုံများ တည်ဆောက်လျက်ရှိရာတွင် အိမ်ရာတိုက်တာအဆောက်အအုံများ ခေတ်မီသပ်ရပ်ခံ့ညားလှပရုံသာမက သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီရေး အလေးထားလုပ်ဆောင်ကြရမည်ဖြစ်သည်။

ယခုအချိန်သည် မိုးရာသီဖြစ်၍ အိမ်ရာစီမံကိန်းအသစ်များ တည်ဆောက်ရန် အခြေအနေမပေးသော်လည်း တည်ဆောက်ဆဲအိမ်ရာစီမံကိန်းလုပ်ငန်းများကို အချိန်အခါပေါ်မူတည်၍ အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ တည်ဆောက်ဆဲအိမ်ရာစီမံကိန်းများအနေဖြင့် မိမိတို့၏ တည်ဆောက်ရေးလုပ်ငန်းများကြောင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာ မပျက်ယွင်းစေရေးကိုလည်း သတိပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရေး အဘက်ဘက်က စီမံဖြည့်ဆည်းလျက်ရှိရာတွင် မြို့တွင်းပိုင်း မြင်ကွင်းကျရာဒေသများတွင်သာမက ဆင်ခြေဖုံးရပ်ကွက်များ တိုးတက်ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်လာစေရေးတို့အတွက်ပါ စီမံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့်အညီ ခံ့ညားထည်ဝါ သာယာလှပတင့်တယ်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် တာဝန်ရှိသူအသီးသီးတို့က ဆင်ခြေဖုံးဒေသများအပါအဝင် မြို့တော်တစ်ခွင်တစ်ပြင်လုံး သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စဉ်ဆက်မပြတ် အဆင့်မြှင့်တင် မွမ်းမံဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ရော်ဘာကြိတ်ခဲစက်ရုံပိုင် ရော်ဘာစိုက်ကွင်းများကို စစ်ဆေးစဉ်။ (စက်မှု-၁)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်းအတွင်း စက်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာကြိတ်ခဲစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်ရုံမှူးက စစ်တောင်း ရော်ဘာခြံရှိ ခြံဧရိယာနှင့် အပင်အရေအတွက်၊ ပျမ်းမျှတစ်ဧကစိုက်ပျိုးမှု၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း၊ ထုတ်လုပ်ရေးလျာထားချက်နှင့် အမှန်ထွက်ရှိမှု၊ အစားထိုးစိုက်ပျိုးခြင်းနှင့်စိုက်ပျိုးခြင်း၊ နှစ်စဉ်ဓာတ်မြေဩဇာနှင့် ကုန်ကြမ်းလိုအပ်ချက်၊ နှစ်စဉ်တောခုတ်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်း၊ ရော်ဘာထုတ်လုပ်ခြင်းစသည်တို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက စစ်တောင်းရော်ဘာခြံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်ယန္တရား၊ လူအင်အားတိုးချဲ့ဆောင်ရွက်သွားရေး၊ အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ရော်ဘာပင်များဖွံ့ဖြိုးရေး ဆောင်ရွက်သွားရန်နှင့် မီးအန္တရာယ်ကာကွယ်ရေး အစီအမံထားဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံထုတ်မှိုင်းခံ ရော်ဘာပြားများကို လည်းကောင်း၊ ရော်ဘာစေးမှ ရော်ဘာခဲပြုလုပ်မှုအခြေအနေများကို လည်းကောင်း၊ ရော်ဘာခဲကို ကြိတ်စက်ဖြင့် ရော်ဘာပြားထုတ်လုပ်မှုကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ရော်ဘာစိမ်းအခြောက်ခံနေလှန်းခြင်းလုပ်ငန်းနှင့် အပူပေးမှိုင်းခံခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခွန်သိုက်ရော်ဘာစိုက်ခင်းသို့ သွားရောက်၍ ရော်ဘာပင်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပေါင်းမြက်များရှင်းလင်းရေးနှင့် မီးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများထားရှိရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ ရော်ဘာခြံများ ထိန်းသိမ်းသွားရေး၊ လစ်ဟာနေသော ဧရိယာများ၌ ရော်ဘာအပင်ပြည့် စိုက်ပျိုးသွားရေး၊ ပင်အိုများနေရာ၌ အစားထိုးစိုက်ပျိုးသွားရေးတို့ကိုမှာကြားပြီး အမှတ်(၁)စစ်တောင်းစက္ကူစက်ရုံတွင် လိုအပ်သော ဝါးကုန်ကြမ်းများ ပေးသွင်းရာ၌ ဝါးတောင်သူများ သွားလာရေးလွယ်ကူရန် စီမံပေးရေး၊ ကုန်းလမ်းတစ်လျှောက်နှင့် မြစ်ကြောင်းတစ်လျှောက် ဝါးများ သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန် ပံ့ပိုးပေးရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒိုက်ဦး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံရာ စက်ရုံမှူးက ပီလောပီနံ စိုက်ပျိုးမှုနှင့် ကော်မှုန့်ထုတ်လုပ်မှု အခြေအနေများ၊ ကုန်ကြမ်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးလှိုင်က ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက စိုက်ပျိုးမြေများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းပြီး ပီလောပီနံစိုက်ခင်းများ တစ်အုပ်တစ်မ စိုက်ပျိုးအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပီလောပီနံ စိုက်ကွက်အမှတ်(၂)ရှိ ငါးဧက စိုက်ခင်း၌ စိုက်ပျိုးထားသော ပီလောပီနံစိုက်ခင်းများကိုလည်းကောင်း၊ စမ်းသပ်ကွက်အမှတ်(၃)ရှိ ပေါင်းနှိမ်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသော စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဂလူးကို့စ်စက်ရုံရှိ အခြောက်ခံဌာနကို လည်းကောင်း၊ ထုပ်ပိုးဌာနစိတ်ရှိ ဂလူးကို့စ် ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၈-၆-၂၀၀၄)

ဗိုလ်	-	၃ ဒသမ ၇၄ လက်မ
ကော့သောင်း	-	၃ ဒသမ ၅၀ လက်မ
ကျောက်ဆည်	-	၂ ဒသမ ၉၅ လက်မ
မော်လမြိုင်	-	၂ ဒသမ ၇၆ လက်မ

နိုးကြားသည်မှာ အမှန် အကျိုးကား ပြည်သာရန်

☆ ခမ်းနားမြင့်မြတ်၊ အနာဂတ်ကို
ထင်ဟပ်ဖော်ဆောင်၊ တို့တည်ထောင်ရန်
ညီနောင်သွေးရင်း၊ ပြည့်သားချင်းတို့
ရိုင်းပင်းညီညာ၊ စုစည်းပါလျက်
ညိုကာနှိုင်းကာ၊ အဖြေရှာသည့်
သာယာသစ်လွင်၊ ညောင်နှစ်ပင်စခန်း
ကြည်လင်ချမ်းမြ၊ ထိုဌာန၌
မြန်မာ့သွေးသား၊ အကျိုးများမည့်
– အမျိုးသား ညီလာခံ
– နိုးကြားသည်မှာအမှန်
– အကျိုးကား ပြည်သာရန်
စီမံဆောင်ရွက်နေပြီတည်း။ ။

ရန်နိုင်ဦး

အီရတ်မြောက်ပိုင်းရှိ စစ်သားစုဆောင်းရေးစခန်း တိုက်ခိုက်ခံရ အစောင့်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ၁၇ဦးဒဏ်ရာရ

မိုဆူးလ် ဇွန် ၇

အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးလ်ရှိ စစ်သား စုဆောင်းရေးစခန်းတွင် လူသစ်များ တန်းစီစောင့်ဆိုင်းနေကြစဉ် ပြောက်ကျားများက လောင်ချာ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လူ ၁၇ ဦး ဒဏ်ရာရရှိသွားသည်။ ယခုတစ်ကြိမ် တိုက်ခိုက်မှုသည် စစ်သား စုဆောင်းရေးစခန်းကို တစ်လအတွင်း ဒုတိယအကြိမ် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

တန်းစီစောင့်ဆိုင်း

စစ်သားစုဆောင်းရေးစခန်းအဝင်ဝတွင် လူအများ အလုပ်ရရန် တန်းစီစောင့်ဆိုင်းနေကြစဉ် မည်သူမည်ဝါမှန်း မသိရသော တိုက်ခိုက်ရေးသမားများက လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုပစ်ခတ်မှုကြောင့် အစောင့်တပ်ဖွဲ့ဝင် တစ်ဦးအပါအဝင် လူ ၁၇ ဦး ဒဏ်ရာရရှိသွားသည်ဟု ဗိုလ်ကြီးအာမက်အလ်ဒင်းက ပြောကြားသည်။

တိုက်ခိုက်ရေးသမားများသည် ကားတစ်စီးအတွင်းမှ ပစ်ခတ်ခဲ့ကြပြီးနောက် မောင်း၍ ထွက်ပြေးသွားကြသည်ဟု ဆိုသည်။

ဒဏ်ရာရ

ပြီးခဲ့သောလကလည်း စစ်သားစုဆောင်းရေးစခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သေးသည်။ ထိုပစ်ခတ်မှုကြောင့် လူလေးဦး သေဆုံးခဲ့ရပြီး ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖျက်သိမ်း

အီရတ်တို့ စစ်ရှုံးသွားပြီး နောက်ပိုင်းတွင် ဆက်ဒမ်ဟူစိန်၏ အင်အား ၃၇၅၀၀၀ ရှိသော စစ်တပ်ကို ဖျက်သိမ်းပစ်ခဲ့သည်။ လာမည့် ဇွန်လ ၃၀ ရက်နောက်ပိုင်း အီရတ်တို့ လက်သို့ အမေရိကန်တို့က အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းအပြီးတွင်ကြားဖြတ် အစိုးရအနေဖြင့် နိုင်ငံကို ထိန်းသိမ်းရန်လိုအပ်လာသည်။ ထိုအချိန်အတွက် ရည်ရွယ်၍ အီရတ် တပ်မတော်သစ်ဖွဲ့စည်းရန် ယခုကဲ့သို့ တပ်သားသစ်များ စုဆောင်းနေခြင်း ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇွန် ၅ရက်က ပြင်သစ်နိုင်ငံ မြို့တော် ပါရီသို့ လာရောက်သည့် အမေရိကန် သမ္မတ ဘုရှ်၏ ခရီးစဉ်အတွင်း စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားတစ်ဦးအား နှိပ်စက်ညှဉ်းပန်းခဲ့မှု ကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးကို ထောင်ဒဏ်ချမှတ်

ဝါရှင်တန် ဇွန် ၅

မေလက ဘဂ္ဂဒက်မြို့တောင်ဘက် အကျဉ်းထောင်တစ်ခုတွင် အမှိုက်ပုံးကိုလွှင့်ပစ်ခဲ့သော အီရတ်အကျဉ်းသားတစ်ဦးကို ဗို့အား ၁၀၀စီးဝင်နေသည့် လျှပ်စစ်ကြိုးဖြင့် ဓာတ်လိုက်စေရန် နှိပ်စက်ညှဉ်းပန်းခဲ့သည်ဆိုသည့် စွဲချက်များကို ဝန်ခံခဲ့ကြပြီးနောက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မရိန်းတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသရှိ အဘူဂါရိပ်အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အတန်ငယ်အကြာတွင် မာမူဒီယာမြို့ ထိန်းသိမ်းရေးစခန်းတစ်ခုတွင် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဝန်ခံခဲ့

အသက်၁၉နှစ်အသီးသီးရှိကြသည့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးဖြစ်သော အင်ဒရူးစတင်နှင့်ဂျရီမီယာထရက်ဖ်နေးလ်တို့သည် မေ ၁၄ရက်က အီရတ်ရှိ စစ်ခုံရုံးတွင် အပြစ်ရှိကြောင်းဝန်ခံခဲ့ကြသည့်အတွက် ၎င်းတို့အား ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မရိန်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နာသန်ဘရာဒင်က ပြောကြားသည်။

အကျဉ်းသားသည် ထိန်းသိမ်းရေးစခန်း၏ စည်းမျဉ်းများကို ချိုးဖောက်ကာစကားသံကို ကျယ်ကျယ်လောင်လောင်ပြောဆိုပြီး အကျဉ်းစခန်းတွင်းမှ အမှိုက်ပုံးကို လွှင့်ပစ်ခဲ့သည့်အတွက် အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များက ယင်းကဲ့သို့ ပြုမူခဲ့ခြင်းဖြစ်သည်ဟု အမှုစစ်ဆေးရာတွင် ပြောကြားခဲ့ကြောင်း ဘရာဒင်က ပြောဆိုသည်။

အပြစ်ရှိ

ကိုယ်ထိလက်ရောက်စော်ကားမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ တာဝန်ပျက်ကွက်မှုနှင့် ထိန်းသိမ်းခံထားရသူ တစ်ဦးကို ထိုးကြိတ်ရိုက်နှက်ရာတွင် ပူးပေါင်းပါဝင်မှုတို့အတွက် အပြစ်ရှိကြောင်း ဝန်ခံသည့်အတွက် အင်ဒရူးကို ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့သည်။

ရက်စက်ကြမ်းကြုတ်မှု၊ တာဝန်ပျက်ကွက်မှု၊ အမိန့်ကို ချိုးဖောက်မှုနှင့် ထိုးကြိတ်ရိုက်နှက်ရာတွင် ပူးပေါင်းပါဝင်ခဲ့မှုအတွက် ထရက်ဖ်နေးလ်ကို ထောင်ဒဏ်ရှစ်လ ပြစ်ဒဏ်ချမှတ်လိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်လေဆိပ်သွားလမ်းမပေါ်ကားနှစ်စီး မီးလောင်

ဘဂ္ဂဒက် ဇွန် ၆

ဘဂ္ဂဒက်လေဆိပ်သို့သွားရာ အဓိက လမ်းမကြီးပေါ်တွင် စနေနေ့က ကားနှစ်စီးမီးလောင် ပျက်စီးသွားသည်။ ခုခံရေးသမားများက မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသော ဒေသတွင် အဆိုပါ ကားများ မီးလောင်ခဲ့ခြင်း ဖြစ်သည်။

ကားနှစ်စီးအဘယ်အကြောင်းကြောင့် မီးစွဲလောင်ရသည်ကိုလည်းကောင်း၊ အထိအခိုက် တစ်စုံတစ်ရာ ရှိ၊ မရှိကိုလည်းကောင်း မသိရသေးဟုဆိုသည်။ မျက်မြင်တွေ့လိုက်ရသူ၏ ပြောကြားချက်အရ ထိုကားများမှာ ဒုံးလက်နက်ထိမှန်ခံရခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းကားများသည် ပြည်ပမှလာရောက်အလုပ်လုပ်သူ နိုင်ငံခြားသားများအသုံးပြုလေ့ရှိသော ကားအကြီးစားများဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်၌သေဆုံးသည့်ကန်တပ်ဖွဲ့ဝင်ပေါင်း ၈၂၀ရှိပြီ ၆၀၃ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်

ဘဂ္ဂဒက် ဇွန် ၇

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လတွင် စတင်ဝင်ရောက် တိုက်ခိုက်ချိန်မှ ယခုနှစ် ဇွန်လ ၇ ရက် တနင်္လာနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၈၂၀ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန ကြေညာချက်ပါ စာရင်းများအရ သိရသည်။

ကန်တပ်ဖွဲ့ဝင်

၎င်းတို့အနက် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၃ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

အပေါင်းပါတပ်ဖွဲ့ဝင်

ထိုအတောအတွင်း အီရတ်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၅၈ဦး ရှိသွားပြီဟုဗြိတိသျှစစ်ဘက်က ကြေညာသည်။ အလားတူပင် အီတလီက ၁၈ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ခြောက်ဦး၊ ယူကရိန်းက လေးဦး၊ ပိုလန်က သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီ သေဆုံးသည်။

သေဆုံး

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန် သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်က ကြေညာခဲ့ပြီးနောက် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၈၂ဦး သေဆုံးသည်။

၄၉၄ ဦး

၎င်းတို့အနက် ၄၉၄ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၁၈၈ဦးမှာ အခြားသော အကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

အင်တာနက်။

ဇွန် ၅ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ဆာဒါစီးတီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ပြင်ဆင်နေသည့် ခုခံတိုက်ခိုက်ရေးသမား တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်နှင့် ဗြိတိန်တို့ ပြုပြင်ထားသော အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ရုရှားနိုင်ငံက အပြည့်အဝ ကျေနပ်လက်ခံခြင်း မရှိဟုပြောကြား

မော်စကို ဇွန် ၆

အမေရိကန်နှင့် ဗြိတိန်တို့၏ ပြုပြင်ထားသော အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်သစ်နှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံက ယခုတိုင် အပြည့်အဝ ကျေနပ်မှုမရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖေဒိုတော့ဗ်က စနေနေ့တွင် ပြောကြားလိုက်သည်။

ပြုပြင်ထားသည့် ဆုံးဖြတ်ချက်သစ်သည် ရုရှားနှင့်တကွ အခြားသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များ စောစောပိုင်းက ထုတ်ဖော်ဆွေးနွေးသည့်ကိစ္စများကို ထည့်သွင်း စဉ်းစားခြင်းလည်း မပြု၊ ကိုင်တွယ်ဆောင်ရွက်ခြင်းလည်းမရှိကြောင်းဖြင့် ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ယူရီဖေဒိုတော့ဗ်က ပြောဆိုသည်။

လိုအပ်

ယခုဆုံးဖြတ်ချက်သစ်ကို မိမိတို့ အပြည့်အဝလက်ခံဘဝင်ကျသည်ဟု မပြောနိုင်ကြောင်း၊ ထို့ကြောင့် ဤဆုံးဖြတ်ချက်သစ်ကို ဆက်လက် ညှိနှိုင်းရန် လိုအပ်သည်ဟု မိမိတို့ယူဆကြောင်းဖြင့် ၎င်းက ပြောကြားလိုက်သည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

တင်သွင်း

ဤဆုံးဖြတ်ချက်သစ်မှာ ရက်သတ္တနှစ်ပတ်အတွင်း တတိယအကြိမ် ပြင်ဆင်ထားသည့် ဆုံးဖြတ်ချက်ဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့က ဤဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ သောကြာနေ့က တင်သွင်းခဲ့သည်။ ဤဆုံးဖြတ်ချက်သစ်အရ အီရတ်ကြားဖြတ် အစိုးရက အမေရိကန်ဦးဆောင်သည့်တပ်များအား နေရပ်ပြန်ပို့ခွင့်အာဏာကို အမေရိကန်နှင့် ဗြိတိန်တို့က အပ်နှင်းလိုက်သည်ဆို၏။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံခြားသတင်းများ

ဇွန် ၆ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် ဆာဒါစီတီးရှိ လမ်းတစ်လမ်းတွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အနီးတွင် ဗုံးပေါက်ကွဲ၍ လူကိုးဦး သေဆုံး အခြားနေရာများ၌လည်း ပေါက်ကွဲမှုများ ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၇

အမေရိကန်အခြေစိုက်စခန်းတစ်ခု၏ ဝင်းအပြင်တွင် တနင်္ဂနွေနေ့က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူကိုးဦး သေဆုံးသွားပြီး အခြားလူ ၃၀ ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူများထဲတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးလည်း ပါဝင်သည်။ ဘဂ္ဂဒက်မြို့ ရှီးယိုက်တို့နေထိုင်ရာ ရပ်ကွက်အနီးရှိ အီရတ်ရဲစခန်းတစ်ခုကို အီရတ်တိုက်ခိုက်ရေးသမားများက ဖောက်ခွဲတိုက်ခိုက်ခဲ့ကြသေးသည်။ မော်တာဖြင့် တိုက်ခိုက်မှုတစ်ခုတွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသေးသည်။

ဖောက်ခွဲတိုက်ခိုက်ခံရသော ရဲစခန်းသည် ဆာဒါမြို့အနီးဝန်းကျင်ရှိ ရဲစခန်းဖြစ်သည်။ ဖောက်ခွဲတိုက်ခိုက်ခြင်းမပြုမီ ခုခံဆန့်ကျင်ရေးသမားများက သေနတ်များဖြင့်ပစ်ခတ်ကာ ဝင်ရောက်လာကြပြီး ရဲတပ်ဖွဲ့ဝင်များကို စခန်းတွင်းမှ ထွက်ခွာရန် အမိန့်ပေးကြသည်။ ထို့နောက် အပြာရောင်ဆေးသုတ်ထားသော တပ်စခန်းကို ဗုံးထောင်ကာ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုတနင်္ဂနွေနေ့က ဘဂ္ဂဒက်မြို့ပေါ်တွင် ပေါက်ကွဲသံနှစ်သံကို ကြားခဲ့ရသေးသော်လည်း မည်သည့်နေရာမှဖြစ်ကြောင်း မသိရှိခဲ့ရဟုဆိုသည်။

ဘဂ္ဂဒက်လေဆိပ်သို့ သွားသည့်လမ်းမပေါ်တွင် တနင်္ဂနွေနေ့က ချုံခိုတိုက်ခိုက်ခံခဲ့ရသည့်အတွက် အမေရိကန်ဝန်ထမ်းနှစ်ဦးနှင့် ပိုလန်လူမျိုးနှစ်ဦးတို့ သေဆုံးခဲ့ကြရကြောင်း အမေရိကန် လုံခြုံရေးကုမ္ပဏီက တနင်္ဂနွေနေ့တွင် အတည်ပြုပြောကြားခဲ့သည်။ ပြီးခဲ့သော မတ်လအတွင်းကလည်း ဘလက်ဝါးတစ်ယူအက်စ်အေကုမ္ပဏီမှ ဝန်ထမ်းလေးဦးတို့ ဖော်လူဂျာမြို့တွင် သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ထိုကိစ္စကြောင့် ဆွန်နီများနေထိုင်ရာ ဖော်လူဂျာတွင် သီတင်းသုံးပတ်ကြာ သွေးချောင်းစီး တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အီရတ်တွင် မငြိမ်မသက်မှုများတိုး၍ ဖြစ်ပွားလာလျက်ရှိသည်။ ယင်းအခြေအနေကြောင့် ယခုလကုန်တွင် အီရတ်ကြားဖြတ်အစိုးရက အမေရိကန်တို့ထံမှ အချုပ်အခြာအာဏာ လွှဲပြောင်းရယူပြီးသောအခါ အီရတ်လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နိုင်ငံအတွင်း၌ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနိုင်ပါမည်လောဟု သံသယဖြစ်ကြရသည်။

အီရတ်ဝန်ကြီးချုပ်အသစ် အိုင်ယာဒ် အလာဝီသည် ဘီဘီစီရုပ်မြင်သံကြားဌာနနှင့်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာ၌ အီရတ်ကြားဖြတ်အစိုးရသည် အာဏာရယူပြီး နောက်ပိုင်းတွင် နိုင်ငံတွင်း၌ စစ်ရေးလုပ်ဆောင်မှုများကို အစိုးရက အတည်ပြုပြီးမှသာ လုပ်ဆောင်စေမည်ဖြစ်ကြောင်း အသိပေး ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်နိုင်ငံအရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက် အဆိုမူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံ တင်ပြထားသည်။ ထိုတင်ပြချက်ကို ကုလသမဂ္ဂက စဉ်းစားလျက်ရှိကြောင်း သိရသည်။ ဤအဆိုမူကြမ်းတွင် စစ်ရေးကိစ္စများနှင့် ပတ်သက်၍ အီရတ်ကြားဖြတ်အစိုးရလက်သို့ မည်မျှ ထိန်းချုပ်ပိုင်ခွင့်အာဏာ ရှိစေမည်ဟူသော ခက်ခဲသည့် ပြဿနာများလည်း ပါဝင်သည်ဟုဆိုသည်။

ကားဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့၏မြောက်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည့် တာဂျီလေတပ်စခန်း အဝင်ဝတွင်ဖြစ်သည်။ ထိုစခန်းသည် ယခင်ဆက်ဒမ်လက်ထက်က အီရတ်လေတပ်စခန်းဖြစ်ပြီး ယခုအခါ အမေရိကန်တို့က တပ်စခန်းအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုဗုံးကွဲမှုမှာ အသေခံဗုံးခွဲမှုတစ်ခု ဟုတ်၊ မဟုတ် မသိရသေးပေ။ အမေရိကန်တပ်ဖွဲ့များက လုံခြုံရေးယူထားစဉ်တွင် ဗုံးကွဲရာနေရာသို့ သူနာပြုယာဉ်များ၊ ဟမ်းဗီးစစ်ကားများနှင့် အီရတ်ရဲများက ဒဏ်ရာရလူနာများကို ကယ်တင်ရန် အလျင်အမြန် သွားရောက်ခဲ့ကြသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ဘာလက်မြို့အနီးတွင် အမေရိကန် အမှတ်(၁၃) ထောက်ပံ့ရေး ကွပ်ကဲမှုတပ်စခန်းတည်ရှိသည်။ ထိုတပ်စခန်းတွင် ပြီးခဲ့သော တနင်္ဂနွေနေ့ နံနက်စောစောက စိန်ပြောင်းဗုံးသီး ကျရောက်ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်တောင်ဘက် ၄၅ မိုင်အကွာရှိ မူဆေယဗ် ရဲစခန်းကို ဝင်ရောက်စီးနင်းမှုဖြစ်ပွားခဲ့ရာ ရဲခုနစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။ ထိုအဖြစ်အပျက်တွင် ရဲအယောင်ဆောင်ထားသူ တိုက်ခိုက်ရေးသမားရှစ်ဦးက ဝင်ရောက်တိုက်ခိုက်သွားခြင်း ဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံကို အင်အားကြီးနိုင်ငံများ၏ ရုပ်သေးရုပ် အဖြစ်မခံသင့်ကြောင်း အီရတ် သမ္မတသစ် ပြောကြား

ဘာလင် ဇွန် ၆

အမေရိကန်၏ ရုပ်သေးအဖြစ် အီရတ်နိုင်ငံ မဖြစ်စေရန် လွတ်လပ်သည့် ရွေးကောက်ပွဲများကို အမြန်ဆုံး ကျင်းပပေးရန် လိုအပ်ကြောင်း အီရတ်သမ္မတသစ် ဂါဇီယာဝါက စနေနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

အမေရိကန်က လိုလားထောက်ခံသည့် သမ္မတကို အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များက ထုတ်ဖော်ပြောကြားပြီးနောက် ဇွန် ၁ ရက်တွင် ဂါဇီဝါယာအား အီရတ်သမ္မတအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ ၎င်းသည် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို ပြစ်တင်ဝေဖန်သည့် ဆွန်နီတစ်ဦးဖြစ်သည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စီစဉ်ထားသည့်အတိုင်း လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းရိုးသားမှုရှိသည့် ရွေးကောက်ပွဲများကို ကုလသမဂ္ဂက ထောက်ခံမည်ဟု မျှော်လင့်ကြောင်း မြူးနစ်မြို့ရှိ ဖိုးကပ်မဂ္ဂဇင်းသို့ အီရတ်သမ္မတသစ်က ပြောကြားသည်။

ယင်းရွေးကောက်ပွဲများမှာ မြန်လေကောင်းလေဖြစ်ကြောင်း၊ အီရတ်နိုင်ငံ အခက်အခဲ အကျပ်အတည်းမျိုးစုံ ကြုံတွေ့ခဲ့ရသည်မှာ ဆယ်စုနှစ်အတန်ကြာပြီဖြစ်ကြောင်း၊ ယခုအခါ အီရတ်နိုင်ငံအား အင်အားကြီးနိုင်ငံများ၏ ရုပ်သေးရုပ် မဖြစ်စေသင့်ကြောင်း၊ ထို့ကြောင့် အီရတ်ပြည်သူများထံသို့ အာဏာအမြန်ဆုံးလွှဲပြောင်းပေးအပ်ရန် လိုအပ်လာကြောင်း ၎င်းက ပြောကြားသည်။

ရွေးကောက်ပွဲများကို ကုလသမဂ္ဂက ကြီးကြပ်ကွပ်ကဲသင့်ကြောင်း၊ ရှင်းလင်းပြတ်သားရမည့်အချက်တစ်ရပ်ရှိကြောင်း၊ ယင်းမှာ ယခုအချိန်မှစတင်ကာ ချမှတ်သည့် ဆုံးဖြတ်ချက်များသည် အီရတ်တို့၏ ဆုံးဖြတ်ချက်များဖြစ်ရမည်ဖြစ်ကြောင်း အီရတ်သမ္မတက မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ ***အင်တာနက်။***

မေ ၃၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်တစ်ဦး သေဆုံးမှု ဗြိတိသျှတပ်ဖွဲ့ဝင်ငါးဦးကို စစ်ဆေး

လန်ဒန် ဇွန် ၇

အသက် ၁၇ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး အီရတ်နိုင်ငံတွင် ယခုနှစ်စောစောပိုင်းက သေဆုံးခဲ့မှုနှင့် စပ်လျဉ်း၍ ဗြိတိသျှလေထီးတပ်သားငါးဦးကို စစ်ဆေးလျက်ရှိကြောင်း မေလ်အွန်ဆန်းဒေး သတင်းစာက ရေးသားသည်။

စစ်ရဲဌာနကလည်း အမှတ်(၂) လေထီးတပ် မဟာတပ်ရင်းကြီးမှ အခြားဝန်ထမ်းသုံးဦးကိုလည်း တွေ့ဆုံမေးမြန်းလိုကြောင်း အဆိုပါ သတင်းစာက ထပ်လောင်းရေးသားသည်။

လေထီးတပ်သား ရှစ်ဦးသည် မော်တော်ယာဉ်နှစ်စီးနှင့် ကင်းလှည့်စဉ် အီရတ်တောင်ပိုင်းဒေသတွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း အဆိုပါ သတင်းစာက ဆက်လက်ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲကြောင့် လေဘာပါတီ ထိခိုက်နိုင်ဟု ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ ဝန်ခံပြောဆို

လန်ဒန် ဇွန် ၇

အီရတ်စစ်ပွဲသည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကျင်းပမည့် ရွေးချယ်တင်မြှောက်ပွဲများ၌ လေဘာပါတီ၏ အလားအလာမျှော်လင့်ချက်ကို ထိခိုက်နစ်နာစေနိုင်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက တနင်္ဂနွေနေ့တွင် ဝန်ခံပြောကြားလိုက်သည်။

အီရတ်စစ်ပွဲသည် မိမိတို့အတွက် ပြဿနာတစ်ရပ်ဖြစ်သည်ဆိုသည့် အချက်ကို မိမိလက်ခံပါကြောင်း ဘလဲက ပြောကြားသည်။ အမေရိကန် ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ပွဲသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များအား စေလွှတ်ရန် ပါလီမန်ကို စည်းရုံးလုပ်ဆောင်ချိန်ကတည်းက လေဘာပါတီကို လူကြိုက်များမှု ကျဆင်းလာခဲ့သည်။

ယင်းကိစ္စသည် အလွန်အရေးပါသည့် ကိစ္စရပ်ဖြစ်သည်ဟု မိမိသိရှိပါကြောင်း၊ အီရတ်စစ်ပွဲအား ဗြိတိန်နိုင်ငံ ပါဝင်ဆင်နွှဲရန် ဆုံးဖြတ်ချက်ကို သဘောမတူသူအချို့ ရှိနေသည်ကိုလည်း မိမိသိရှိပါကြောင်း ဘလဲက ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)သို့ ပြောကြားသည်။

ဇွန် ၁၀ ရက်တွင် ဗြိတိသျှမဲဆန္ဒရှင်များက ဥရောပပါလီမန်၊ အင်္ဂလန်နှင့် ဝေလပြည်နယ်တစ်ဝန်း ဒေသန္တရကောင်စီများနှင့် လန်ဒန်မြို့တော်ဝန် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် အရေးပါသည့် ရွေးကောက်ပွဲစမ်းသပ်မှုများကို ဘလဲ၏ လေဘာပါတီ ရင်ဆိုင်ရမည်ဖြစ်သည်။

အင်တာနက်။

ဘဂ္ဂဒက်အနီး ရဲစခန်းကို ခုခံတိုက်ခိုက်ရေးသမားများ စီးနင်းတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံး

မူဆေယက် (အီရတ်) ဇွန် ၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ တောင်ဘက် ရဲစခန်းတစ်ခုကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက စနေနေ့တွင် စီးနင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း ရဲအရာရှိများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ခြိမ်းခြောက်

ရဲတပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်ထားသည့် တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့တောင်ဘက် မူဆေယက်မြို့ရှိ ရဲစခန်းအတွင်းဝင်ရောက်လာကြပြီး ရဲစခန်းအတွင်း၌ ဖောက်ခွဲပစ္စည်းများမထောင်မီ ပစ်သတ်မည်ဟု ခြိမ်းခြောက်ကာ ရဲတပ်ဖွဲ့ဝင်များကို အခန်းတစ်ခုတွင်းသို့ ဝင်ခိုင်းခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များအား ကယ်တင်ရန် ဒေသခံတို့က ကြိုးစားကြသည့်အခါ ဖောက်ခွဲပစ္စည်းများကို ဖောက်ခွဲခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အစောင့်ကျနေစဉ် သေနတ်သမားများက မိမိအား ပစ်ခတ်ခဲ့ကြောင်း တိုက်ခိုက်မှုတွင် အသက်ဘေးမှ လွတ်မြောက်ခဲ့သူရဲတပ်ဖွဲ့ဝင်စ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မိမိပစ်ခတ်ခံရရာ သေချင်ယောင်ဆောင်ပြီးကြမ်းပေါ်သို့ လှဲချခဲ့ရကြောင်း ၎င်းက ဆေးရုံတွင် ပြောကြားသည်။ လက်နက်ကိုင် တိုက်ခိုက်ရေးသမားတစ်ဦးက ဖောက်ခွဲပစ္စည်းများ ထောင်ကြရန် ညွှန်ကြားအမိန့်ပေးနေသည်ကို ကြားခဲ့ရကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

တိုက်ခိုက်မှုကြောင့် ရဲစခန်းမှာ တစ်စိတ်တစ်ဒေသ ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အီရတ်နိုင်ငံအား သိမ်းပိုက်ထားသူအဖြစ် အချို့က ရှုမြင်ခံထားသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးသမားများက ပစ်မှတ်ထား တိုက်ခိုက်လေ့ရှိသည်။

အင်တာနက်။

ပျက်စီး

ဇွန် ၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနီး ခုခံတိုက်ခိုက်ရေး သမားများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ရဲစခန်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် အစုအပြုံလိုက် သေစေနိုင်သည့်လက်နက်များရှိသည်ဆိုမှု အထင်အမြင် လွဲမှားခြင်းဟုဆို

လန်ဒန် ဇွန် ၇

လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ) အီရတ်နိုင်ငံတွင် မရှိကြောင်း၊ ၎င်းတို့ကို တွေ့လိမ့်မည်ဟု ယူဆနေခြင်းသည် လွဲမှားမှုသာဖြစ်ကြောင်း အမေရိကန်လက်နက်စစ်ဆေးရေး အကြီးအကဲဟောင်း ဒေးဗစ်ကေးက စနေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က တစ်ချိန်ချိန်တွင် လက်နက်အစီအစဉ် ပြန်လည်ထုတ်လုပ်ရန် ရည်ရွယ်ထားခဲ့ပြီး တရားမဝင်ဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းဒဗလျူအမ်ဒီ အစီအစဉ်သည် ဇကန်အားဖြင့်မရှိကြောင်း ဒေးဗစ်ကေးက ဘီဘီစီ ရေဒီယိုအစီအစဉ်အား ပြောကြားသည်။

— လွဲမှားမှုသာ —

ဒဗလျူအမ်ဒီအစီအစဉ်ကို အမှန်တကယ်ဖော်ထုတ်နေသည့် အီရတ်လေ့လာရေးအုပ်စု (အိုင်အက်စ်ဂျီ)၏ မျှော်လင့်ချက်မှာ အမှန်စင်စစ်အားဖြင့် လွဲမှားမှုသာဖြစ်ကြောင်း ဒေးဗစ်ကေးက ပြောကြားသည်။ အိုင်အက်စ်ဂျီက ယင်းအဖျက်လက်နက်ဆိုင်ရာ သက်သေအထောက်အထားကို ၎င်း၏နောက်ထုတ်ပြန်မည့် အစီရင်ခံစာများတွင် ဖော်ပြနိုင်ဖွယ်ရှိကြောင်း တိုနီဘလဲကပြောကြားပြီး တစ်ရက်အကြာတွင် ကေးက ပြောကြားခြင်းဖြစ်သည်။

ဆက်ဒမ်ဟူစိန်တွင် ဒဗလျူအမ်ဒီရှိခဲ့သည်ဟု မိမိတို့သိထားကြောင်း၊ ဆက်ဒမ်က ၎င်းတို့ကိုအသုံးပြုခဲ့ကြောင်း၊ သို့ရာတွင် ယင်းလက်နက်များကို မတွေ့ရတော့ကြောင်းကိုလည်း သိထားကြောင်း၊ မည်သည့်ပြဿနာဖြစ်ပွားခဲ့ကြောင်း ဖြေရှင်းရန် မိမိတို့လိုအပ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ဒေးဗစ်ကေးသည် အိုင်စီဂျီအကြီးအကဲအဖြစ် ဇန်နဝါရီလက ရာထူးမှနုတ်ထွက်ခြင်းမပြုမီအထိ အီရတ်ရှိ အဖျက်လက်နက်များကို ရှာဖွေထောက်လှမ်းခဲ့ရာတွင် ဦးဆောင်ခဲ့သူဖြစ်သည်။ ဗြိတိသျှနှင့်အမေရိကန် ခေါင်းဆောင်များအနေဖြင့် အီရတ်နိုင်ငံက ယင်းလက်နက်များ ပိုင်ဆိုင်ခဲ့သည်ဟု ပြောကြားမှုသည် မှားယွင်းကြောင်း ရိုးသားစွာဝန်ခံတောင်းပန်သင့်ကြောင်း ဒေးဗစ်ကေးက တိုက်တွန်းလိုက်သည်။

ပြဿနာမှာ မိမိတို့မှားယွင်းကြောင်းဆိုသည့် စကားအနည်းငယ်မျှပြောကြားမည့်တာဝန်ကိုယူရန် စိတ်အား ထက်သန်မှုမရှိမှုပင်ဖြစ်ကြောင်း ကေးက ဘီဘီစီအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုဆူးလ်တွင် ယာဉ်တန်း တိုက်ခိုက်ခံရ ဗြိတိသျှတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

လန်ဒန် ဇွန် ၇

လုံခြုံရေးဝန်ထမ်းများ လိုက်ပါစီးနင်းလာသည့်မော်တော်ယာဉ်တန်းတစ်ခုကို လက်နက်ကိုင်များက အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် စနေနေ့က ပစ်ခတ်တိုက်ခိုက်ရာ ဗြိတိသျှတစ်ဦးသေဆုံးပြီး သုံးဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံခြားရေးရုံးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

မိုဆူးလ်မြို့တွင်ကားမောင်းရင်းကားပေါ်မှ ပစ်ခတ်သွားမှုကြောင့် ဗြိတိသျှတစ်ဦးသေဆုံးပြီး အခြားဗြိတိသျှသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါ သေဆုံးသူသည် ကရိုတ်ဒစ်ကင်းဖြစ်သည်ဟု ပြောကြားပြီး ၎င်းသည် သံချပ်ကာ ယန္တရားအုပ်စုတွင် တာဝန်ထမ်းဆောင်သူဟုဆိုသည်။ ပြည်ပလုံခြုံရေး အစောင့်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များအား လက်နက်ကိုင်များက ပစ်ခတ်ခဲ့ရာ ပြည်ပလုံခြုံရေးအစောင့်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ဘဂ္ဂဒက်အနောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဖော်လူဂျာ ဇွန် ၆

အမေရိကန် အမှတ်(၁)ပင်လယ်ရပ်ခြားသွား မရိန်းတပ်ဖွဲ့မှ စစ်သည်တစ်ဦးသည် ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် တာဝန်ထမ်းဆောင်နေစဉ် တိုက်ပွဲဖြစ်ပွားမှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဆိုသည်။

အင်ဘာဒေသတွင် မေလ ၂၇ ရက်က တိုက်ကင်းလှည့်နေစဉ် ရရှိသော ဒဏ်ရာကြောင့် အမေရိကန် မရိန်းတစ်ဦးသည် ပြီးခဲ့သော ကြာသပတေးနေ့က သေဆုံးသွားသည်။

နယ်စပ်ဒေသ များသည်လည်း ဖော်လူဂျာနှင့် ရာမာဒီမြို့များကဲ့သို့ပင် အမေရိကန် ခုခံဆန့်ကျင်မှု အားကောင်းသော ဒေသများဖြစ်သည်။

သေဆုံးသူ မရိန်းစစ်သည်အမည်ကို ထုတ်ဖော်ကြေညာခဲ့ခြင်း မရှိပေ။ အီရတ်တွင် စစ်ပွဲစတင်ခဲ့သည့် အချိန်မှ ယနေ့အချိန်အထိ အမေရိကန် စစ်သည် ၈၀၀ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့၌ ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရ ကန်ကုမ္ပဏီဝန်ထမ်းနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၇

ဘဂ္ဂဒက်လေဆိပ်သို့ မောင်းနှင်လာသည့် လုံခြုံရေးကန်ထရိုက်တာများ လိုက်ပါလာသောယာဉ်တန်းကို တိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ရာ အီရတ်နိုင်ငံရှိ အမေရိကန်လုံခြုံရေးကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ကိုင်ပေးနေသည့် အမေရိကန်နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ၎င်းတို့၏ အလုပ်ရှင်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘလက်ခ်ဝါးတား ယူအက်စ်အေ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးသည့် လုံခြုံရေးအစောင့်များသည် ဖောက်သည် တစ်ဦးနှင့်တွေ့ဆုံရန် လေဆိပ်သို့အသွားတွင် သေနတ်သမားများက စက်သေနတ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်မြို့ရှိ အဆိုပါကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယင်းသို့ ပစ်ခတ်မှုကြောင့် လူလေးဦးပွဲချင်းပြီး သေဆုံးခဲ့သည်။ သုံးဦးမှာ လမ်း၏အခြားဘက်သို့ ထွက်ပြေးလွတ်မြောက်လာကာ ဖြတ်သွားသည့်ကားကို တားဆီး၍ ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်နယ်မြေရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါယာဉ်တန်းကိုတိုက်ခိုက်ရေးသမားလေးဦးမှ ငါးဦး အထိပါသည့် ကားလေးစီး သို့မဟုတ် ငါးစီးက ဘေးတစ်ဖက်တစ်ချက်စီက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘလက်ခ်ဝါးတားကုမ္ပဏီ အခြေစိုက်ရာ အမေရိကန်ပြည်ထောင်စု မိုဟော့ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ခရစ်ဘတ်တဲလ်က ပြောကြားသည်။

အင်တာနက်။

ကန် ကာကွယ်ရေးဝန်ကြီးအိမ်ရှေ့တွင် ဆန္ဒပြ

ဝါရှင်တန် ဇွန် ၇

အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြသူ ၂၀၀၀ ခန့်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်၏ နေအိမ်သို့ ချီတက်သွားကြပြီး အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား သိမ်းပိုက်မှုအဆုံးသတ်ရေးကို တောင်းဆိုကြသည်။ အိမ်ဖြူတော်အဆောက်အအုံရှေ့တွင် စနေနေ့က ဆန္ဒပြသူများသည် ဝါရှင်တန်မြို့လယ်မှ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်နေအိမ်ရှိရာသို့ မိနစ် ၉၀ ကြာ ချီတက်ကြသည်။

ယင်းနောက် ဘုရှ်အစိုးရအနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရေးကို တောင်းဆိုကြသည်။ အမေရိကန်တို့ အီရတ်နိုင်ငံမှ အမြန်ထွက်ခွာသင့်ကြောင်း၊ စစ်အမြန်ရပ်ဆိုင်းရေးနှင့် လူမျိုးရေးဝါဒ အဆုံးသတ်ရေး နိုင်ငံတကာအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ရေးမှူးဖြစ်သူ ဘရိုင်ယန်ဘက်က ပြောကြားသည်။

အင်တာနက်။

ဇွန် ၅ရက်က မြို့တော်ဘဂ္ဂဒက်ရှိ အဝေးပြေးလမ်းမပေါ်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော အမေရိကန် တပ်ဖွဲ့ဝင်များကို သယ်ယူရန် ပြင်ဆင်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရွှေဟောင်းသမိုင်းဝင် ကျိုက္ကလဲ့စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်

ရန်ကုန် ဇွန် ၈

မင်္ဂလာဒုံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်ကျိုက္ကလဲ့စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ရွှေဆိုင်းတစ်ဆိုင်းလျှင် ကျပ် ၁၂၀၀၀၊ ဖောင်းရစ်တော်မှ ခေါင်းလောင်းတော် (သပိတ်မှောက်ထိ) ကိုးလက်မပတ်လည် ကြေးဖရိန်ရွှေချပြီး ကျပ် ၅၂၀၀၊ လုံးတော်ပြည့်ရွှေသင်္ကန်း ကျပ် ၇၂ သိန်းဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုသူများ သမ္မုတိဆရာတော် ဖုန်း ၆၃၆၂၆၁၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖုန်း ၆၃၉၅၀၃ မင်္ဂလာဒုံ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း ၆၃၅၀၇၂နှင့် ဂေါပကအဖွဲ့ရုံး ၆၃၆၀၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မေတ္တာရေစင်

ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)

စမ်းချောင်းလေးဆိုတာ ချောင်းများပမာ မိုးရွာစဉ်တောင်ကျရေဖြင့် အင်တိုက်အားတိုက် တရဟောစီးဆင်းနိုင်အားမရှိပါ။ မြစ်ကြီးပမာ အပြောကျယ်ရှည်လျားစွာဖြင့် ပင်လယ်အထိ စီးဆင်းနိုင်စွမ်းလည်းမရှိပါ။ စမ်းချောင်းဟူသည် တစိမ့်စိမ့်နှင့် အေးမြကြည်လင်စွာ၊ ငြိမ်းချမ်းစွာ စီးဆင်းလေ့ရှိပါတယ်။ ပင်ပန်းနွမ်းနယ်နေတဲ့ ခရီးသည်များဟာ စမ်းချောင်းလေး နံဘေးမှာ အနားယူပြီး အမောဖြေ စမ်းရေအေးကို သောက်သုံးလေ့ရှိပါတယ်။ စမ်းချောင်းလေးက သေးငယ်ပေမယ့် ဒီလိုခရီးပန်းပြီး နွမ်းနယ်နေသူများကို သူ့အတိုင်းအတာနဲ့သူ ကူညီအကျိုးပြုရှာပါတယ်။

မေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်းဟာလည်း စမ်းချောင်းလေးလိုပါပဲ။ ကျွန်တော်တို့ စိတ်တူသဘောတူ ဆွေမျိုးမိတ်ဆွေများစုပေါင်းပြီး မိမိတို့တတ်စွမ်းနိုင်သမျှ ဆေးဖိုးများကို အခါအားလျော်စွာ စုစည်းကြပါတယ်။ ပြီးတော့ ဆေးရုံတက်ပြီးကုသနေရှာတဲ့ ဆင်းရဲနွမ်းပါးတဲ့ ဝေဒနာရှင်လူနာများကို စေတနာရှင်များကိုယ်တိုင် သွားရောက်ပြီး ဆေးဖိုးများ ကူညီပံ့ပိုးကြပါတယ်။ ဆင်းရဲနွမ်းပါးသူများအတွက် ဆေးရုံတက် ကုသနေစဉ် နာတဲ့ဒုက္ခအပြင်၊ ငွေရေးကြေးရေး အဆင်မပြေတဲ့ဒုက္ခ၊ လူမှုရေးဒုက္ခစတဲ့ ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့ရရှာပါတယ်။ ဒီအချိန်မှာ သူတို့ကို မေတ္တာစေတနာထားပြီး ကိုယ်တိုင်လာရောက်အားပေးကူညီသူများ တွေ့ရတဲ့အခါ သူတို့အဖို့ အားဆေးတစ်မျိုးပင်ဖြစ်ပါတယ်။ တချို့လူနာများဆိုလျှင် ဝမ်းသာကြည်နူးပြီး မျက်ရည်များပင်လည်ကြရှာပါတယ်။ မေတ္တာစမ်းချောင်းလေးဆီက အေးမြတဲ့ရေကြည်ကို သောက်သုံးရပြီး အမောပြေသွားသလိုပါပဲ။

ဒီမေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်းကို ကျွန်တော်တို့ ၁၉၉၇ခုနှစ် ဇူလိုင် ၁၅ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာစတင်ခဲ့ရာ အခုဆိုရင် ခုနစ်နှစ်အတွင်း ရောက်ရှိလာပါပြီ။ ခုနစ်နှစ်တာကာလအတွင်း ကျွန်တော်တို့မေတ္တာရေစင်မိတ်ဆွေများဟာ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ သဃ်န်းကျွန်းစံပြဆေးရုံ၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ ကလေးအထူးကု ဆေးရုံ၊ စိတ်ကျန်းမာရေးအထူးကုဆေးရုံနဲ့ တိုင်းရင်းဆေးပညာဆေးရုံတွေဆီကို သွားရောက်ပြီး ဆင်းရဲနွမ်းပါးတဲ့ ဝေဒနာရှင်လူနာများကို ကိုယ်တိုင်အားပေးကာ ဆေးဖိုးများလှူဒါန်းခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနဲ့ မြောက်ဥက္ကလာပဆေးရုံတွေမှာ စက်ရေတွင်းတစ်တွင်းစီ လှူဒါန်းခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ ၁၂–၅–၂၀၀၄ရက်နေ့ နံနက်က ရန်ကုန်အရိုးအထူးကုဆေးရုံမှာ မေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်း၏ (၁၈)ကြိမ်မြောက်အလှူကို ပြုလုပ်ခဲ့ပါတယ်။ မေတ္တာရေစင် စေတနာရှင်များဖြစ်ကြတဲ့ ဦးဝင်းအောင်–ဒေါ်နေမြတ်သူအောင်တို့က ကျပ်တစ်သိန်း၊ ဒေါ်မြင့်မြင့်စိန်နဲ့ သားသမီးများက ကျပ်တစ်သိန်း၊ ဦးကောင်း–ဒေါ်ညွန့်ညွန့်တို့က ကျပ်ငါးသောင်း၊ ဦးဉာဏ်မြင့်–ဒေါ်ဝေဝေတို့ကကျပ်ငါးသောင်း၊ ဦးစုလှိုင်–ဒေါ်ရှုခင်တို့က ကျပ်ငါးသောင်း၊ ဦးဇော်ဝင်းထွဋ်–ဒေါ်မေခိုင်တို့က ကျပ်ငါးသောင်း၊ ဦးရဲထွဋ်–ဒေါ်သီတာတို့က ကျပ် ငါးသောင်း၊ ဦးသိန်းနိုင်– ဒေါ်ကြည်ကြည်တင်တို့က ကျပ်ငါးသောင်း၊ ဦးမောင်မောင်စိုးတင့်–ဒေါ်ခင်ကြည်နဲ့ သားသမီးများက ကျပ်ငါးသောင်း၊ ဦးရဲမြင့်ထွန်း–ဒေါ်မေမေသက်တို့က ကျပ်သုံးသောင်း၊ ဦးစောစိန်–ဒေါ်မေခင်အုန်းတို့က ကျပ်နှစ်သောင်းငါးထောင်၊ ဦးသိန်းထွန်းအောင်–ဒေါ်သူဇာသိန်းတို့က ကျပ်နှစ်သောင်း၊ တေးသံရှင် ရင်ဂိုက ကျပ်နှစ်သောင်း၊ ဗိုလ်မှူးခင်မောင်ရီ–ဒေါ်တင်တင်မြင့်တို့က ကျပ်တစ်သောင်း၊ ဒေါ်မို့မို့စိုးနဲ့ မိတ်ဆွေများက ကျပ်နှစ်သောင်း၊ ဒေါ်စိန်စိန်နဲ့ မိသားစုတို့က ကျပ်ငါးထောင်၊ ဦးစိန်ထွန်း–ဒေါ်ခင်လှတို့က ကျပ်ငါးထောင် အသီးသီး ပါဝင်လှူဒါန်းကြပါတယ်။ စေတနာရှင်များကိုယ်တိုင် ဝေဒနာရှင်လူနာ ၁၀၉ ဦးကိုတွေ့ဆုံပြီး အလှူငွေကျပ်ငါးထောင်စီကို လက်ဝယ်အရောက် ပေးအပ်ကြပါတယ်။ ဆေးရုံကြီးဆေးပဒေသာပင်အတွက် ကျပ်တစ်သိန်းလေးသောင်း ထည့်ဝင်လှူဒါန်းခဲ့ကြပါတယ်။ စေတနာရှင်နဲ့ ဝေဒနာရှင်တို့ဟာ ဝမ်းသာကြည်နူးမှုများကို နှစ်ဦးနှစ်ဖက်စလုံး ခံစားကြရပါတယ်။

အရိုးအထူးကုဆေးရုံကြီးသို့ သွားရောက်လှူဒါန်းရာမှာ ကုသိုလ်ရတဲ့အပြင် ဗဟုသုတလည်း ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှ အရိုးရောဂါနဲ့ပတ်သက်တဲ့ လူနာတွေ တက်ရောက်ကုသနေကြပါတယ်။ နိုင်ငံခြားမှာလို ဒီဆေးရုံကြီးမှာလည်း ခွဲစိတ်ပြီး အရိုးအစားထိုးခြင်းကို အောင်မြင်စွာကုသနိုင်ကြောင်းတွေ့ရှိရပါတယ်။ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နဲ့ ဆရာဝန်ကြီးတွေဟာ ပြင်သစ်မှ လာရောက်လုပ်အားပေးနေတဲ့ ပါမောက္ခ ပတေးတို့နဲ့ လက်ရည်တူခွဲစိတ်ကုသနိုင်ကြပါတယ်။ အခုလက်ရှိ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်ဟာ မန္တလေးမြို့ ရေနံ့သာအနာကြီးအထူးကုဆေးရုံကြီးမှာ ဆေးရုံအုပ်ကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ရောဂါသည်များကို ကိုယ်တိုင်ကိုယ်ကျ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရပါတယ်။

အလှူဒါနဆိုတာ အလှူငွေနဲ့ပစ္စည်း နည်းတယ်များတယ် အဓိကမဟုတ်ပါ။ မေတ္တာနဲ့စေတနာသာ အဓိကဖြစ်ပါတယ်။ အထူးလိုအပ်နေသူများကို လိုအပ်သည့်အချိန်၌ လှူဒါန်းထောက်ပံ့ခြင်းဟာ များစွာအကျိုးထူးပါတယ်။ အထူးသဖြင့် အိုဘေး၊ နာဘေးကြုံတွေ့နေတဲ့ ဆင်းရဲနွမ်းပါးတဲ့ လူနာများကို ကူညီပံ့ပိုးခြင်းဟာ မွန်မြတ်တဲ့အလှူဒါနဖြစ်ပါတယ်။ မိမိတို့ရဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ဆင်းရဲနွမ်းပါးသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုများကို မြို့နယ်၊ မြို့ရွာ၊ ရပ်ကွက်အလိုက် စည်းရုံးဆောင်ရွက်သွားနိုင်တာနဲ့အမျှ လူ့ဘောင်အဖွဲ့အစည်းများဟာ ပိုမို၍အဆင်ပြေတိုးတက်သာယာလာပါလိမ့်မယ်။ နိုင်ငံတော်ရဲ့ လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာလည်း ရောက်ပါတယ်။ ကျွန်တော်တို့လူမျိုးရဲ့ လူမှုရေး လိုအပ်ချက်ကွက်လပ်များကို ကျွန်တော်တို့ လူမျိုးများကိုယ်တိုင် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းများကို တက်ကြွကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်ကြနေကြတာဟာ အထူးအားတက်စရာပဲဖြစ်ပါတယ်။

အခြားနိုင်ငံများမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံသို့လာရောက်၍ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုးဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။

ဝမ်းသာစရာလည်းကောင်းပါတယ်။ အားကျစရာလည်းကောင်းပါတယ်။ ကျွန်တော်တို့အလှူရှင်၊ စေတနာရှင်များနဲ့ လူငယ်လူရွယ်များကလည်း မိမိလူမျိုးအတွက် လူမှုရေးအဖွဲ့အစည်းများ ဖွဲ့စည်းပြီး ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းအပ်ပါတယ်။ ကျွန်တော်တို့ ပြည်သူများအတွက် ကျွန်တော်တို့ ကိုယ်တိုင်ကြိုးစားဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ နိုင်ငံခြားမှ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများဟာ ရည်မှန်းချက်ပေါင်းစုံဖြင့် လာရောက်ကြခြင်းဖြစ်ပါတယ်။ တချို့က တကယ့်စေတနာနဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ တချို့က သူတို့ဘာသာရေးအတွက် စည်းရုံးကြရန်လာခြင်းဖြစ်ပါတယ်။ တချို့က ဤလုပ်ငန်းများကိုမှီ၍ အသက်မွေးဝမ်းကျောင်းရန်အတွက် လာရောက်ကြခြင်းဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ကြိုတင်သတိထားဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ မေတ္တာရေစင်ရဲ့လုပ်ငန်းကို တိုးချဲ့ဖို့ ကြံစည်ထားပါတယ်။ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များသို့ အလှည့်ကျသွားရောက်ပြီး ဆင်းရဲနွမ်းပါးတဲ့ လူနာများကို ကုသပေးနိုင်ရန် နယ်လှည့်ဆေးခန်း (Mobile Clinic) ဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ မေတ္တာစေတနာရှင်၊ လုပ်ငန်းရှင်များနဲ့ တက်ကြွတဲ့ လူငယ်လူရွယ်များရဲ့ အားပေးကူညီမှုအပေါ် ဤလုပ်ငန်းဖြစ်မြောက်ရေးဟာ အဓိကတည်မှီနေပါတယ်။ ဤနယ်လှည့်ဆေးခန်းကားပေါ်တွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဗဟုသုတပေးနိုင်ရန် စာကြည့်တိုက်ကလေးလည်း တွဲဖက်ဖွင့်ထားဖို့ ရည်ရွယ်ပါတယ်။ ဖြစ်မြောက်ရေးအတွက် အားပေးကူညီကြပါရန် ပန်ကြားအပ်ပါတယ်။

နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် မေတ္တာစေတနာ အရင်းခံပြီး ဆောင်ရွက်ကြပါလျှင် ဖြစ်မြောက်အောင်မြင်ရမည်ဟု ကျွန်တော်တို့ ယုံကြည်ထားပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

စစ်ဆေး

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ဇွန် ၁ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသည့် မြို့တွင်းစိမ်းလန်းစိုပြည်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်နေစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းဆောင်ရွက်

မေ ၁၈ရက်က မြင်းခြံမြို့ အေးမြသီတာဈေးကြီး၌ မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(က–ပ)

တိုင်းဥပဒေအရာရှိ တောင်ငူတွင် ဆွေးနွေး

ရန်ကုန် ဇွန် ၈

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွှန့်သည် တောင်ငူခရိုင်ဥပဒေရုံးသို့ ဇွန် ၄ ရက် နံနက် ၈ နာရီတွင် ရောက်ရှိပြီး တောင်ငူခရိုင်အတွင်းရှိ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဥပဒေအရာရှိများနှင့်တွေ့ဆုံကာ ဥပဒေရေးရာ၊ စီမံရေးရာကိစ္စများအား ဆွေးနွေးညှိနှိုင်းသည်။

တောင်ငူခရိုင်ဥပဒေအရာရှိ ဦးသိန်းမြင့်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများတင်ပြပြီး တိုင်းဥပဒေအရာရှိက ညှိနှိုင်းဖြေရှင်းဆွေးနွေးခဲ့သည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Short Stories(The Stolen Letter အင်္ဂလိပ်စာအထူးပြု (ဒုတိယနှစ်)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း–၂၉)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ နှစ်မြှာအသည်း မိုက်ခဲညီနောင်" (အပိုင်း–၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအတွက် နိုင်ငံတော်က အကောင်အထည်ဖော် တည်ဆောက်ပေးထားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လူငယ်ရိပ်မြုံ အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံ-ငွေးအောင်၊ကြေးမုံ)

နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်တွင် ကျေးရွာချင်းဆက် လမ်းများ၊ မြို့နှင့်ကျေးရွာဆက်သွယ်သည့် လမ်းများအနက် ဆေးထိုး-သာယာကုန်း လမ်းကို စက်ယန္တရားဖြင့် ဖောက်လုပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသော မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ ဇော်ဂျီရေထိန်းဆည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-သတင်းစဉ်)

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ ပေါက်ကုန်းကျေးရွာတွင် ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တွင်းတိမ်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)



သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုကို သိလျှင်သိချင်း ကယ်ဆယ်ရေးလုပ်ငန်းမျာ
လေပြင်းဒဏ်ခံရသည့်ဒေသများသို့ သွားရောက်၍ လိုအပ်သည့် ကူညီထော

❐ ရှေ့ဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းတင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် လေပြင်းတိုက်ခတ်မှုဒဏ်ခံရသော ကျောင်းအဆောက်အအုံနှင့် ကျောင်းကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည်ပေါက်တောမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)ရခိုင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ၂၀၀၄ခုနှစ်မေ ၁၉ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသည့် လူနေအိမ်အခြေအနေ၊ အိမ်အမိုးအကာများ လွင့်ပါသွားသည့် လူနေအိမ်အခြေအနေ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေး အဆောက်အအုံနှင့် ဌာနဆိုင်ရာ အဆောက်အအုံများပျက်စီးမှု အခြေအနေ၊ ကျွဲ၊ နွား တိရစ္ဆာန်များ သေကြေမှုအခြေအနေ၊ ကယ်ဆယ်ရေး ကွပ်ကဲမှုအဖွဲ့များဖွဲ့ကာ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရေကောင်းရေသန့်ရရှိရေးအပါအဝင်ဆောင်ရွက်နေသော ကယ်ဆယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ မြို့တွင်းလမ်းနှင့် ဆိပ်ခံတံတားများအခြေအနေ၊လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်ကကယ်ဆယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆိပ်ခံတံတားအသစ် တည်ဆောက်ရေး၊ ဆက်သွယ်ရေး၊ လမ်းလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် ယနေ့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အနေဖြင့် မေလ ၁၉ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးခြင်း၊ အမိုးအကာများ လွင့်စဉ်ပျက်စီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပုစွန်မွေးမြူရေးကန်များနှင့် ကွဲ့နွားတိရစ္ဆာန်များ ဆုံးရှုံးခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ အဆောက်အအုံအမိုးအကာများ လွင့်စဉ်ခြင်း အပါအဝင် ကျွဲနွား အသေအပျောက်များ ဖြစ်ပေါ်ခဲ့ရကြောင်း။

ဤကဲ့သို့ သဘာဝဘေးဒဏ်ခံရမှုသည် ရာသီဥတုဖောက်ပြန်ချိန်တွင် ဖြစ်ပေါ်လေ့ရှိတတ်သဖြင့် ဆုံးရှုံးမှုများ ခံစားကြရသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မိမိတိုင်းရင်းသားပြည်သူများ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံခံစားနေကြရသည့် အခက်အခဲများလျော့နည်း ပြေပျောက်သွားစေရအောင် စောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးသကဲ့သို့ ပြည်ထောင်စုကြီး၏ အခြားသော ပြည်နယ်/တိုင်း များအတွင်း မီတင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများကလည်း ဝိုင်းဝန်းပံ့ပိုး ကူညီစောင့်ရှောက်မှုများ ပေးခဲ့ကြကြောင်း။

အစဉ်အလာကောင်း

ဤကဲ့သို့အခက်အခဲများပေါ်ပေါက်လာတိုင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသည့် အလေ့အထအစဉ်အလာများသည် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှေးယခင် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ရပ် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုကို သိလျှင်သိချင်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအနေဖြင့် လိုအပ်သည့်ကော်မတီများကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အတူ ဗဟိုအဆင့်အနေဖြင့်လည်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ ဦးဆောင်သည့် အဖွဲ့များသည် လေပြင်းဒဏ်ခံရသည့် ဒေသများသို့ သွားရောက်၍ လတ်တလောလိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့တွင်လည်း မိမိဦးဆောင်ပြီး ဒေသတာဝန်ခံနှင့်အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ ပါဝင်သည့်အဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားခဲ့ကြရသည့် မိမိတို့ တိုင်းရင်းသား ပြည်သူများအား နှစ်သိမ့်အားပေးရင်းလိုအပ်ချက်များ၊ ဆောင်ရွက်ပေး ဖွယ်ရာများကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကူညီထောက်ပံ့

ယနေ့မိမိနှင့်အတူ ရန်ကုန်မြို့မှ စေတနာရှင်များ လိုက်ပါလာကြပြီး သဘာဝ ဘေးအန္တရာယ် ကျရောက်ခံစားခဲ့ကြရသည့်မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများတွေ့ကြုံခံစားနေရသည့် အခက်အခဲများ လျော့နည်းပပျောက်စေရအောင် စာနာစိတ်ဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့မှုများ ပေးခဲ့ကြကြောင်း။

မိမိအနေဖြင့်လည်း ယခုမြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အိမ်ရာ တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးရေးများအပြင် ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့်သဘာဝဘေးအန္တရာယ်ကျရောက်ခံစားခဲ့ကြရသည့် တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ခံစားနေရသည့် သောကများ ပြေပျောက် စေရအောင် စေတနာအပြည့်အဝထားကူညီအားပေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လက်တွေ့ကျကျ

ထို့ပြင် မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့ကို အထောက်အကူဖြစ်စေမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ပါ လုပ်ငန်းများကိုလည်း ကျေးလက်ဒေသအရောက်သွားကြပြီး တစ်ဆက်တစ်စပ်တည်း လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ပေါက်တောမြို့နယ် လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီ ကယ်ဆယ်ရေး ပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ပေါက်တောမြို့ မြို့နယ်ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် သံဃာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ရခိုင်ပြည်နယ်လေပြင်းတိုက်ခတ်မှု ဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ် ရန်ပုံငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကို ဇွန် ၇ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွှန့် ဇွန် ၇ရက်က ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဇွန် ၇ရက်က ပေါက်တောမြို့နယ် လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဇွန်၇ရက်က ပေါက်တောမြို့နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး ဇွန် ၇ရက်က ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် လေပြင်းဒဏ်ကြောင့် ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များ၌ ပျက်စီးဆုံးရှုံးမှု အခြေအနေနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေးက အမှတ်(၁) ဆိပ်ကမ်းတံတား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် စစ်တွေဖောင်တော်ကြီး တံတားသစ်ပြန်လည်တည်ဆောက်ရန် လုပ်ငန်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး အမှတ်(၁)ဆိပ်ကမ်းတံတား၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးခဲ့
ပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးခဲ့

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၇ရက်က စစ်တွေတက္ကသိုလ် နှစ်ထပ်စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်၌ နှစ်ထပ်စာသင်ဆောင် ခြောက်လုံး၊ ကျောင်းသား ၃၀၀ဆံ့ စာသင်ခန်းမကြီးနှစ်လုံး၊ ပြင်ပရေနှင့် လျှပ်စစ်လုပ်ငန်း၊ လူကူးစင်္ကြံလုပ်ငန်း၊ ဘွဲ့နှင်းသဘင်အဝင်လမ်းနှင့် စာသင်ဆောင်ပတ်လမ်းများ ပြီးစီးနေမှု၊ ဆက်လက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

နှစ်ထပ်စာသင်ဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်စာသင်ဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရ နည်းပညာ ကောလိပ်(စစ်တွေ)၏ ပင်မသုံးထပ်ဆောင် တည်ဆောက်မှုလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးအင်ဂျင်နီယာနှင့် တာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

စစ်တွေမြို့ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်သို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့ ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြို့နယ် လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီ ကယ်ဆယ်ရေး ပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါက်တောမြို့ မြို့နယ်ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် သံဃာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ရခိုင်ပြည်နယ်လေပြင်းတိုက်ခတ်မှု ဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ် ရန်ပုံငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၇ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၇ရက်က စစ်တွေမြို့ အမှတ်(၁)ဆိပ်ကမ်းတံတား၏အခြေအနေကိုကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

အဖွဲ့ဝင်များသည် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့အိုးတန်းရပ် ကမ်းနားလမ်းရှိ ဆန်ဆိုင်များ၏ ရောင်းဝယ်မှုအခြေအနေများကိုကြည့်ရှုပြီး သိလိုသည်များကို ဆန်ကုန်သည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းသည်။

ဆိပ်ကမ်းတံတား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမှတ်(၁)ဆိပ်ကမ်းတံတားသို့ ရောက်ရှိကြရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က ဆိပ်ကမ်းတံတား၌ ကမ်းရိုးတန်းသွားသင်္ဘောများ ဆိုက်ကပ်မှုအခြေအနေကို

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းနှင့် တံတားများ၏ အခြေအနေကို စစ်တွေမြို့ ရှုခင်းသာပွိုင့်အထိ မော်တော်ယာဉ်များဖြင့် သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်စစ်တွေတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ရုံးသို့ရောက်ရှိကြရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဦးဝမ်းတင်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဦးဝမ်းတင်က စစ်တွေတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၁၉ လုံး အသုံးပြုသင်ကြားလျက်ရှိသော IT စာသင်ခန်းများ အခြေအနေ၊ ခန့်ထားပြီး ဝန်ထမ်းအင်အား အပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်အေးက စစ်တွေ

တွေ့ဆုံ မေးမြန်း

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ရက်က စစ်တွေမြို့ အိုးတန်းရပ် ကမ်းနားလမ်းရှိ ဆန်ဆိုင် များ၏ ဆန်ရောင်းဝယ်မှု အခြေအနေများကို ကြည့်ရှု၍ သိလိုသည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

တိလောကမှန်ကူ သယမ္ဘူစေတီတော် ရွှေထီးတော်တင်လှူ

ရန်ကုန် ဇွန် ၈

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် သဲဖြူမဟာ အောင်မြေတွင် မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင် ပဓာနဒါယကာခံယူ၍ အသစ်ပြန်လည်တည်ထားခဲ့သော တိလောကမှန်ကူ သယမ္ဘူ ရာပြည့်စေတီတော်၏ ရွှေထီးတော်တင်အခမ်းအနားကို အဆိုပါစေတီကုန်း၌ ဇွန် ၂ရက် နံနက်ရနာရီက ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မြသိန်းတန် ဆရာတော် ဘဒ္ဒန္တသောဘန၊ ရန်ကုန်မြို့ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောဝိဒ၊ဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုမာရ၊ တောင်တွင်းကြီးမြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်နှင့်တကွ ဝေါစရဂါမ်အရှိုချင်း ၁၁ရွာမှ ဆရာတော်များ၊ ဒေသခံသာသနာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလှူရှင်များ၏လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း သုံးထောင်ကျော်ဖြစ် မိသားစုစိတ်ဓာတ်ဖြင့် ပြည်နယ်နှင့်တိုင်းများအားလုံးက လှူဒါန်းခဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း ဇွန် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယ အကြိမ်အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

➪ **ပြည်ထောင်စုမှ**

ဆည်မြောင်းဦးစီးဌာနပိုင် တာတမံများပျက်စီးမှု၊ လယ်သမားတာများနှင့် ပုစွန်ကန်များ ပျက်စီးဆုံးရှုံးမှု၊ စက်လှေ၊ လက်လှေများ နစ်မြုပ်မှု၊ လူသေဆုံးမှု အခြေအနေ၊ တိရစ္ဆာန်များသေဆုံးမှုအခြေအနေ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကယ်ဆယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှု၊ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှု၊ လေပြင်းဒဏ်ခံ ဒေသတစ်ခုလုံးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၊ UN လက်အောက်ခံ အဖွဲ့အစည်းများနှင့် NGOS အဖွဲ့များက ကယ်ဆယ်ရေးရန်ပုံငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှုအခြေအနေ၊ သောက်သုံးရေသန့် ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက ငွေကျပ်သိန်း ၄၅၀၊ ဦးမိုးကျော်သူ (ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၀၊ အမျိုးသား စီးပွားရေးဖွံ့ဖြိုးမှုကုမ္ပဏီအုပ်စုမှ ဦးတင့်ဆန်း(ACE Construction) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးစိန်သစ်(TOSTA Trading) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ထွန်း (Industrial) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်း(Services) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးအိုက်ထွန်း(အိုလံပစ်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်ကိုဝင်း(ကမ္ဘောဇကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးမောင်ဝိတ် (မောင်ဝိတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်နိုင် (Asia Winner Industrial Ltd)က ငွေကျပ် ၇၅သိန်း၊ ဦးငွေးမြင့်(ယုဇနဆောက်လုပ်ရေး)က ငွေကျပ် ၇၅သိန်း၊ ကပ္ပတိန် ကိုကိုထူး-ဒေါ်စန္ဒာအောင် မြန်မာ့စက်မှုဆိပ်ကမ်းက ငွေကျပ်သိန်း ၇၀၊ ဦးအောင်ဇော်ဝင်း(Shine Construction Co., Ltd)က ငွေကျပ် ၆၅သိန်း၊ ဒေါ်နန်းအေးမြင့်(နန်းဧကရီဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၆၀၊ ဦးကျော်သိန်း-ဒေါ်စန်းမွေး မိသားစုအပါအဝင် အလှူရှင် ၁၀ဦးက ငွေကျပ်သိန်း ၁၀၀နှင့် ငါးသောင်း၊ ဦးမြင့်ဇော် (MD ငပလီ ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးချစ်ခိုင်(ဒေင်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးရန်ရှင်း ချစ်ကြည်ရေးက ငွေကျပ်သိန်း ၅၀၊ ဦးနေဝင်းထွန်း(ကျောက်စိမ်းနဂါး)က ငွေကျပ် သိန်း ၅၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ခုနစ်ပေ သွပ်အချပ် ၁၀၀၀၀ (ကျပ် ၁၉၂ ဒသမ ၅သိန်း)၊ မြဝတီ ထရေးဒင်းနှင့် လုပ်ငန်းရှင်များက ခုနစ်ပေသွပ်အချပ် ၁၀၀၀၀ (ကျပ် ၁၉၂ဒသမ၅သိန်း)၊ မြန်မာ Rubby Enterprise ကျောက်မျက်ရတနာလုပ်ငန်းက ငွေကျပ် ၁၀သိန်း၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ မြန်မာ Imperial Jade ကုမ္ပဏီ လီမိတက်က ငွေကျပ် ငါးသိန်း၊ ဦးကျော်နိုင်ဦး (Naing Group Construction Co., Ltd)က ငွေကျပ်သိန်း ၅၀၊ Mr. Nurul Islam. (Al Sabah Textile Garments Marine Products Trading Co.,) က အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀နှင့် စောင်အထည် ၅၀၀၊ ဦးရွှေကြိုင်(ဝါဝါဝင်းဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး) က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ထွေး (Golden Flower ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဒေါက်တာမိုးမြမြ (ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ ဦးမောင်မောင် (Asia Express ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ ဒေါက်တာဇော်ထွန်း (ရွှေကျားပျံဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးဇော်ဝင်း(အရဏ်ဦးဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးခင်မောင်အေး (KMA ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးရန်ဝင်း (အေဝမ်းဆောက်လုပ်ရေး)က ငွေကျပ် သိန်း ၅၀၊ ဦးမောင်မောင်တင်(Farmer Phoyazer)က ငွေကျပ် ၄၅သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ်သိန်း ၄၀၊ ဦးလှဝင်း (Grand Wymn Enterprise Ltd) က ငွေကျပ် ၃၇၅၀၀၀၀၊ ဦးအောင်ဇော်ရဲမြင့် (ရဲတံခွန်)က ငွေကျပ် ၃၅သိန်း၊ ဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၃၀၊ ဦးကျော်ကျော် (K.Y Kyaw Kyaw Trading Co., Ltd)က ငွေကျပ်သိန်း ၃၀၊ ဦးလှအောင် (မဟာဘောဂဝတီ ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀၊ ဦးကျော်အေး(Golden Sun Moon Co., Ltd)က ငွေကျပ်၂၅သိန်း၊ ဦးဇော်ဝင်း (Overseas Marine Engineering)က ငွေကျပ် ၂၅သိန်း၊ ဦးငွေးဝင်း (Unigrade Int'l Co., Ltd)က ငွေကျပ် ၂၅သိန်း၊ ဦးခင်မောင်အေး-ဦးဇော်ဇော်နိုင် (ရွှေပြည်သစ် ဆောက်လုပ်ရေး)က ငွေကျပ် ၂၅သိန်း၊ ဦးကျော်သောင်း (Happy ဖျော်ရည်)က ငွေကျပ် ၂၁သိန်း၊ ဦးကိုကိုထွေး(တော်ဝင် ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၂၀၊ ဦးကျော်ချစ်စိန် (ပန်းရိုးမကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၂၀၊ ဦးထွန်းမင်း (MTM Construction Group) က ငွေကျပ် သိန်း ၂၀၊ ဦးခင်မောင်ချို (Evershine Trading Co., Ltd)က ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်း၊ ဦးကျော်မင်း (Nileဆောက်လုပ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးစိန်ဝင်း (သီဟအောင်ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးတင်မြင့်(Mother Land Construction) က ငွေကျပ် ၁၀သိန်း၊ ဦးဘခင်(ဂန္ဓမာဆောက်လုပ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးမူတာ မတ်အိဆုပ်(ရွှေမြန်မာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးသန်းဇော်ဦး (မင်္ဂလာသန်းမြင့် စက်မှုကုန်တိုက်)က ငွေကျပ် ၁၀သိန်း၊ ဦးမောင်မောင်ကြီး (MMG Construction) က ငွေကျပ် ၁၀သိန်း၊ ဦးမောင်မောင်တင် (Osman Enterprise Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးဇော်လတ် (Myanmar Indobest Co., Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးမောင်မောင်ရွှေ (Gold Electronic Show Room) က ငွေကျပ် ၁၀သိန်း၊ ဦးသန်းလွင် Citizen (Peninsula Enterprise Ltd) ကငွေကျပ် ၁၀သိန်း၊ ဦးနူရူလ်အာမိန် (Shwe Myanmar Aung Export of Import Co., Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးအဒူဟာလိမ်း(Halims Brothers Co., Ltd) က ငွေကျပ် ၁၀သိန်း၊ ဦးစိုးမင်း(ခ) တော်ယူဘေဒိန် (JKY Co., Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးဇော်မိလ်အာမတ်(Myanmar JM Int'l Co., Ltd) က ငွေကျပ် ၁၀သိန်း၊ ဦးမောင်ကလေး(ခ) ရော်ဖိတ်(Twin Tower Co., Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးအဘူဆူမိယာန် စိန်ရွှေအရောင်းဆိုင်က ငွေကျပ် ၁၀သိန်း၊ ဦးခင်မောင်ဝင်း ("ဝင်း" အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးဝလီ(ခ)တင်ဝင်း(Yangon Makkah Travel & Tours Co., Ltd) က ငွေကျပ် ၁၀သိန်း၊ ဦးဇော်ဝင်း(City Light Co.,Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးကျော်လှ (ဦးကျော်လှ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးလှစိန် (သံမဏိလှစိန် ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးလှရွှေ(ကောင်းကြိုက်ဒံပေါက်)က ငွေကျပ် ၁၀သိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၃၉၆၅၃၄၀၀၀၊ အမေရိကန်ဒေါ်လာ ၅၀၀၀ အလှူငွေနှင့် UNICEF ၊ UNDP ၊ UNHCR ၊ BAJ စသည့်အဖွဲ့များမှ လှူဒါန်းသော ငွေကျပ် ၄၅၈၆၈၅၀၀၊ အမေရိကန်ဒေါ်လာ ၁၃၄၈၀၀နှင့် ဂျပန်ယန်း ၁၁ဒသမ ၂၉သန်းတန်ဖိုးရှိ အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပေးပို့လှူဒါန်း

ယနေ့ ရန်ပုံငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)က ငွေကျပ်သိန်း ၃၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ငွေကျပ် ၂၅သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၅၀၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၃၀၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)က ငွေကျပ် ၁၀သိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅သိန်း ပေးပို့လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

အထူးကျေးဇူးတင်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲများတွေ့ကြုံခံစားနေကြရသည့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သက်သာရာသက်သာကြောင်း၊ စိတ်သောကဖြစ်မှု ပြေပျောက်နိုင်ရေးတို့အတွက် စေတနာထက်ထက်သန်သန်ဖြင့် လာရောက်လှူဒါန်းကြသည့် အလှူရှင်များအား နိုင်ငံတော်၏ ကိုယ်စားသော်လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ ကိုယ်စားသော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ လာရောက်လှူဒါန်းကြသူအများစုမှာ ရန်ကုန်မြို့မှ လာရောက်လှူဒါန်းကြသူများ ဖြစ်ကြကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် မိမိတို့တိုင်းရင်းသားများအား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ယခုကဲ့သို့ မိမိခရီးစဉ်အတွင်း လိုက်ပါလှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း။

ဤအခမ်းအနားတွင် ပြည်နယ်နှင့်တိုင်းများကလှူဒါန်းမှုများ၊ UNDP၊ UNHCR၊ UNICEF၊ BAJစသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက လှူဒါန်းမှုများလည်း ပါဝင်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်းက ယခင်ရှေးဦးလှူဒါန်းမှုများ ပါဝင်သည်ကို တွေ့ရကြောင်း။

သဘာဝဘေးဒဏ်ဆိုသည်မှာလည်း မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ဖြစ်တာမဟုတ်ပါကြောင်း၊ ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာတွင်လည်း ဖြစ်ပေါ်လေ့ရှိပြီး တချို့နိုင်ငံများစွာမှာ အကြိမ်ကြိမ်ခံစားခဲ့ကြရပြီး ပျက်စီးဆုံးရှုံးမှုပမာဏများလည်း ကြီးမားသည်ကို တွေ့ရကြောင်း။

ဖြစ်ပွားမှုနည်းပါး

မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့သော သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုနည်းပါးပါကြောင်း၊ ၁၉၆၈ခုနှစ်က ရခိုင်ပြည်နယ်တွင် ရေဘေးတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

✧ စာမျက်နှာ ၁၀ မှ

ယခုဒုတိယအကြိမ် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးလေပြင်း တိုက်ခတ်မှုဒဏ် ဖြစ်ပေါ်ခဲ့ခြင်းသည် အခြားသောနိုင်ငံများတွင်ဖြစ်ပေါ်သည့် သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုများနှင့် ယှဉ်ကြည့်ပါက များစွာနည်းပါကြောင်း။

၎င်းမှာ ပြည်ထောင်စုနိုင်ငံကြီးအတွင်းရှိကြသည့် တိုင်းရင်းသားပြည်သူများ အားလုံးသည် မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားကို လေးလေးစားစား ကြည်ညိုကိုးကွယ်မှု၊ အချင်းချင်းမေတ္တာတရားထားရှိမှု၊ တိုင်းရင်းသားညီအစ်ကို မောင်နှမ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာ၊ ကရုဏာစိတ်ဖြင့် စိတ်ကောင်းစေတနာကောင်း ထားရှိတတ်သည့် ဖြူစင်မွန်မြတ်သောစိတ်ထား မွေးကြသည့် အစဉ်အလာကောင်းများကြောင့်သော် လည်းကောင်း၊ မေတ္တာတရားများထားရှိမှုကြောင့်သော်လည်းကောင်း ပြင်းထန်သော အန္တရာယ်ကျရောက်မှုလည်း နည်းပါးခဲ့ခြင်းဖြစ်ကြောင်း။

ယခု သဘာဝဘေးဒဏ်ခံကြရသည့် မြို့နယ်များမှာ အထူးသဖြင့် စစ်တွေ၊ ပေါက်တော၊ ကျောက်ဖြူ၊ မြေပုံ လေးမြို့နယ်တွင် လေဒဏ်မိုးဒဏ် ခံခဲ့ကြရကြောင်း၊ နိုင်ငံတော်အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံများ အမိုးလန်ကြကြောင်း၊ ပုစွန်ကန်နှင့် ဆားကွင်းအချို့၊ ကျွဲနွားများ အချို့နှင့် လှေ၊ စက်လှေ အချို့ ဆုံးရှုံးခဲ့ရကြောင်းကို သိရှိရပါကြောင်း။

ရိုင်းပင်းကူညီ

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် တိုင်းရင်းသားများ စုစည်းနေထိုင်လျက် ရှိကြသည်နှင့်အညီ တိုင်းရင်းသားများသည်လည်း ညီအစ်ကိုမောင်နှမများပင် ဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုအရင်းခံကာ ရှေးအဆက်ဆက်ကပင် စုစည်းနေထိုင် ဆက်ဆံလျက်ရှိကြောင်း။

ပြည်ထောင်စုကြီးအတွင်း တစ်နေရာရာတွင် အကြောင်းကိစ္စတစ်ရပ်ပေါ်ခဲ့လျှင် ကျန်ပြည်နယ်၊ ဒေသများက ဝိုင်းဝန်းကူညီပံ့ပိုးစောင့်ရှောက်ပေးခဲ့ကြကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဦးဆောင်စီမံမှုဖြင့် လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာရှိကြောင်း၊ ဤသည်မှာ ပြည်ထောင်စုကြီး၏ ထုံးတမ်းစဉ်လာပင် ဖြစ်ကြောင်း။

ယခု ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးက လေပြင်းတိုက်ခတ်မှုဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဗဟိုကလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ အမြန်စေလွှတ်ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်စေခဲ့ကြောင်း။

ကျပ်သိန်းသုံးထောင်ကျော်

ယနေ့လည်း မိမိအနေဖြင့် ရန်ကုန်မြို့မှစေတနာရှင်များအား ဖိတ်ခေါ်လာပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်း အလှူရှင်များ၏ ယနေ့လှူဒါန်းငွေများမှာ ကျပ်သိန်းပေါင်း သုံးထောင်ကျော် ဖြစ်ကြောင်း၊ ဤသည်မှာမိမိတို့၏ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့၏ညီအစ်ကိုမောင်နှမတွေပဲ၊ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီရမယ်ဆိုသည့် မိသားစုစိတ်ဓာတ်နှင့် လာရောက်ကူညီကြခြင်း ဖြစ်ကြောင်း။

မိသားစုစိတ်ဓာတ်ဖြင့်

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် မေတ္တာတရားရှိတဲ့ တိုင်းပြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိတဲ့ တိုင်းပြည်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖြစ်ထွန်းရာ တိုင်းပြည်ဖြစ်ပါကြောင်း၊ မိမိတို့ ညီအစ်ကိုမောင်နှမ တိုင်းရင်းသားများဆီကိုအရောက်လာပြီး မိသားစုစိတ်ဓာတ်ဖြင့် ကူညီပံ့ပိုးခဲ့ကြခြင်း ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းမှုတွင် ရှမ်းပြည်နယ်၊ကချင်၊ ကရင်၊ ကယား၊ မွန်၊ တနင်္သာရီ၊ ပဲခူး၊ မန္တလေး၊ ဧရာဝတီစသည့် ပြည်နယ်၊ တိုင်းများအားလုံးကပါ လှူဒါန်းခဲ့ကြကြောင်း။

ဤသည်မှာ မိမိတို့၏ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း တစ်ဦးအခက်အခဲကြုံလျှင် တစ်ဦးက ပါဝင်ကူညီ ဖြည့်ဆည်းပေးရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ကူညီခဲ့ခြင်း ဖြစ်ကြောင်း။

ဖိအားပေးနေ

ယနေ့အချိန်အခါသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးမှာလည်း တဖြည်းဖြည်းချင်း တိုးတက်လာနေသည်ကို တွေ့ရှိရမှာ ဖြစ်ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှု နှေးကွေးနေသေးသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ဤသည်မှာလည်း အနောက်နိုင်ငံ အချို့က မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ဖိအားပေးနေခြင်းကြောင့် တိုးတက်မှုနှေးကွေးနေခြင်းဖြစ်ကြောင်း။

တည်ဆောက်ပေးခဲ့

ရခိုင်ပြည်နယ်အတွက် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် ရှည်လျားလှသည့်ကားလမ်းများ ဖောက်လုပ်ပေးခဲ့ကြောင်း၊ အကြီးစား တံတားကြီးများနှင့် အလတ်၊ အသေးစားတံတားများစွာကိုလည်း တည်ဆောက်ပေးခဲ့သဖြင့် စစ်တွေ-ရန်ကုန်ကားလမ်း ဥဒဟိုပေါက်နေပြီ ဖြစ်ကြောင်း၊ စစ်တွေက ရေထွက်ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပ နိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်နေပြီဖြစ်ကြောင်း၊ ပြည်သူအချင်းချင်း ဆက်သွယ်ဆက်ဆံမှုများလည်း ပိုမိုဖြစ်ထွန်းနေကြပြီဖြစ်ကြောင်း၊ အလားတူ တယ်လီဖုန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရအောင် လိုအပ်ချက်များကို နိုင်ငံတော်က များစွာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်းရှိ ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးကိုဦးတည်ပြီး လိုအပ်လျှင် လိုအပ်သလို စီမံဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တက်ညီလက်ညီ

မိမိတို့ ဆောင်ရွက်ချက်များသည် ပြည်ထောင်စုကြီး၏ အရေးကြီးလှသည့် အနာဂတ်ရေးကို ဖော်ဆောင်ပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို များစွာအထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး ထာဝရ ခိုင်မြဲရမည်ဆိုသည့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးတက်ညီ လက်ညီ ဆောင်ရွက်ကြရေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လှူဒါန်းငွေများလက်ခံ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး ဇွန် ၇ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)



ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်၏ ၂၀၀၄-၂၀၀၅ခုနှစ် စီးပွားရေးစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ရက်က ဗိုလ်တထောင် အထက(၆) မြဝတီခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက ဌာနဆိုင်ရာတာဝန်ရှိသူများအား စီမံကိန်း တာဝန်ပေးအပ်စဉ်။ (က-ပ)



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၁၇) နေ ဦးဗိုလ်သောင်း၊ ဒေါ်မြကြည် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့် အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)တို့ထံ မေ ၂၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေး စုပေါင်းကာကွယ်

ဇွန် ၈ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းဆောင်ရွက်မှုကို သာကေတမြို့နယ် အမှတ်(၆) ရပ်ကွက်အရှေ့ရှိ အောင်သုခ ၂၆ လမ်း၊ ၂၅လမ်းနှင့် ၂၄လမ်းတို့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့ သွားရောက်ကြည့်ရှု အားပေးစဉ်။ (၁၉)

ဇွန်လ ဒုတိယ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇွန် ၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်မည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအား အသင့်အတင့်ရှိမည်။

မိုးအခြေအနေများမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခုနစ်ပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ငါးပေခန့်၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လေးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ရှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။



မေ ၂၁ရက်က အမှတ်(၃၁)၊ ဈေးလမ်း၊ မအူပင်မြို့၊ ဧရာဝတီတိုင်းနေ ဦးရန်အေး ဒေါ်ပိုးတီ၊ သားသမီး မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ သံဃာတော်၊ သီလရှင်များ ဆေးကုသရန် အထူးရန်ပုံငွေအတွက် အလှူတော်ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

❍ **အမျိုးသားညီလာခံမှ**

ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ရာခိုင်နှုန်း ၈၆ ဒသမ ၆၇ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ရွေးချယ်ခံကိုယ်စားလှယ် ဦးစံသာအောင်က ဖတ်ကြားတင်ပြပြီး ၎င်း၏ အကြံပြုစာတမ်းကို သဘာပတိထံ ပေးအပ်သည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမောင်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး နံနက် ၁၀နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံစုံညီအစည်းအဝေး အကြံပြုစာတမ်းပြုစုရေးအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်၊ တိုင်း တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ စုံညီအစည်းအဝေးတွင် အကြံပြုစာတမ်း တင်သွင်းဖတ်ကြားနိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အမှာစကားပြောကြား

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် သဘာပတိ ဦးမောင်ကြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့တို့၏ အကြံပြုစာတမ်းပြုစုရေးအတွက် ညှိနှိုင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံးမောင်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေး အဖွဲ့ငယ် ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ကတင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပြုစုရေးသားကြသည်။

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် အခမ်းအနားမှူးများအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)နှင့် ရခိုင်တပ်မတော်(AA)အဖွဲ့တို့က တင်ပြထားသည့် စုပေါင်းစာတမ်းနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် စာတမ်းပြုစုရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွင့်တို့ ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ဒွေး၊ ခင်သန်းနု၊ မျိုးသန္တာထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် “သမီးရှင်” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

ပဏာမလက်ရွေးစင် အနီရောင်နှင့်အဖြူရောင်အသင်း ခြေစမ်းဘောလုံးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၈

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရွေးချယ်ထားသော ပဏာမလက်ရွေးစင် အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇွန် ၁၆ရက်နှင့် ၁၈ရက်တို့တွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဘောလုံးပွဲဝင်ကြေးမှာ အထူးတန်း ငွေကျပ်၁၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၈

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏(၄/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။ ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များက အစုအဖွဲ့အလိုက် လုပ်ငန်းဆိုင်ရာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ (၄/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဖိလစ်ပိုင်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဇွန် ၉ရက်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ်အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဇွန် ၁၀ ရက်တွင် ကျင်းပမည့် ဆဋ္ဌမအကြိမ် အာဆီယံ စွမ်းအင်လုပ်ငန်းများ အစည်းအဝေး၏ စွမ်းအင်ဝန်ကြီးများတွေ့ဆုံပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဇော်မြင့်လည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

မြန်မာစားပွဲတင်တင်းနစ်အဖွဲ့ အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် ဇွန် ၈

ဇွန်၁၀ရက်မှ ၁၃ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် အငယ်တန်း အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် ခေါင်းဆောင်သော မြန်မာစားပွဲတင် တင်းနစ်အဖွဲ့သည် ယနေ့ နံနက် ၇နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

မြန်မာစားပွဲတင်တင်းနစ် အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊အုပ်ချုပ်သူအဖြစ် အတွင်းရေးမှူး ဦးထွန်းနိုင်ဦး(သတ္တုတွင်းဝန်ကြီးဌာန)၊ နည်းပြအဖြစ် ဦးညီညီစိုး (ပို့ဆောင်ရေး)၊ အားကစားသမားများအဖြစ် ဘုန်းငွေစည်၊ သီဟနိုင်၊ ရဲအောင်နိုင်နှင့် သက်ကိုကိုလတ်တို့ လိုက်ပါသွားကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

*** မြန်မာဘောလုံးအသင်းမှ**

အာဆီယံဒေသတွင်း၏ အဆင့်အမြင့်ဆုံးပြိုင်ပွဲတစ်ပွဲဖြစ်သည့် တိုက်ဂါးဖလားပြိုင်ပွဲသည် နှစ်ကုန်ပိုင်းမှကျင်းပမည်ဖြစ်၍ အနည်းငယ်လှမ်းနေသေးသော်လည်း L.G ဖလားပြိုင်ပွဲမှာမူ နီးကပ်နေပြီဖြစ်သည်။ ထို့ကြောင့် ပြိုင်ပွဲဝင်မည့် မြန်မာဘောလုံးအသင်းသည်လည်း လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

တာဝန်ယူလေ့ကျင့်ပေး

အဆိုပါ L.G ဖလားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတွင် ဩဂုတ်၂၀ရက်မှ ၂၈ရက်အထိကျင်းပမည်ဖြစ်ရာ နှစ်လကျော်မျှသာလိုတော့သည်။ ပြိုင်ပွဲဝင်မြန်မာအသင်းကလည်း ပဏာမ ၃၆ဦးကို ရွေးချယ်ကာ မေ၂၄ရက်မှစတင်၍ ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးလျက်ရှိသည်။ အဆိုပါအသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ နည်းပြဦးတင်မြင့်အောင်နှင့် ဦးကြည်လွင်၊ ဂိုး-နည်းပြ ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်း၏ လေ့ကျင့်မှုအနေအထား၊ ပြိုင်ပွဲအခြေအနေတို့နှင့်ပတ်သက်၍ နည်းပြချုပ်ဦးတင်ဟန်အား ကြေးမုံက သွားရောက်တွေ့ဆုံ ဆုံမေးမြန်းခဲ့ပါသည်။

ဦးတင်ဟန်က ပြန်လည်ရှင်းလင်းပြောကြားရာတွင် "အသင်းကို ယခင်လက်ရွေးစင်ကစားသမားများ၊ လူငယ်လက်ရွေးစင်များနှင့် ကလပ်အသင်းများမှ အလားအလာရှိသူ စုစုပေါင်း၃၆ဦးကိုပဏာမရွေးချယ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့် ရွေးချယ်ထားသော၃၆ဦးစလုံးကို ကျေနပ်အားရမိကြောင်း၊ အသင်းတွင် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်တို့အများစုပါဝင်နေ၍ အသင်းပိုမိုတောင့်တင်းလာမည်ဟုထင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လူငယ်တို့က လျင်မြန်မှုကို အားကိုးကစားသလို လူကြီးတို့ကလည်း အတွေ့အကြုံနှင့် သမ္မာတို့ကို အဓိကထားကစား၍ ယင်းနှစ်ခုကိုပေါင်းစပ်လိုက်ပါက အသင်းအင်အားတောင့်တင်းသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် လေ့ကျင့်ချိန်ဖြစ်၍ ကြံ့ခိုင်မှု၊ အသင်းလိုက်ကစားကွက်၊ တွဲလုံးတို့ကိုဦးစားပေးလေ့ကျင့်နေကြောင်း၊ အသင်းကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ယခုရွေးချယ်ထားသော ကစားသမားများကို ကျင်းပဆဲကွင်းပိတ်ပြိုင်ပွဲတွင် မိခင်ကလပ်များ၌ ပါဝင်ကစားခွင့်ပြုထားကြောင်း၊ ထို့အတွက် အသင်းလေ့ကျင့်မှုကို ထိခိုက်မှုမရှိသည့်အပြင် ကစားသမားများအနေဖြင့် ပွဲအတွေ့အကြုံများ ပိုမိုရရှိစေကြောင်း၊ ကလပ်ပြိုင်ပွဲများရှိနေသည့်အတွက် လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန်မလုပ်သေးဘဲ မှန်မှန်သာလေ့ကျင့်ပေးနေကြောင်း၊ ကျင်းပဆဲကွင်းပိတ်ပြိုင်ပွဲတွင် တစ်ပွဲတည်းမဟုတ်ဘဲ ပွဲတော်တော်များများတွင် ခြေစွမ်းပြနိုင်သူများကို ထပ်မံ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဇွန် ၁၆ရက်နှင့် ၁၈ရက်တို့တွင် အောင်ဆန်းကွင်း၌ နှစ်သင်းခွဲ၍ ခြေစမ်းကာ ခြောက်ဦး လျှော့မည်ဖြစ်ကြောင်း။

ကြိုးစားသွားမည်

ပြိုင်ပွဲတွင် မိမိတို့အသင်းအပါအဝင် တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှားနှင့်အတူ ဗီယက်နမ်မှနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ လူငယ်လက်ရွေးစင်၊ လက်ရွေးစင်အသင်းမည်သည့် အသင်းလာရောက်ယှဉ်ပြိုင်မည်ကို အတိအကျမသိရသေးကြောင်း၊ မိမိတို့အသင်းအောင်မြင်ရေးအတွက် အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနီးကပ်ကြီးကြပ်ပေးကြောင်း၊ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကလည်းလိုအပ်တာမှန်သမျှ ပံ့ပိုးပေးကြောင်း၊ မိမိအနေဖြင့် အသင်းကို အကောင်းဆုံး တည်ဆောက်ပြီး ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန်၇ရက် နံနက်ပိုင်းက ပဏာမမြန်မာ့ လက်ရွေးစင်အသင်းလေ့ကျင့်ရာ ပဒုမ္မာကွင်းသို့လာရောက်ပြီး လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အားပေးစကားပြောကြားခဲ့သည်ကိုတွေ့ရသည်။

ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမလက်ရွေးစင်၃၆ ဦးမှာ ဂိုး-အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင်(ကာကွယ်ရေး)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ သိန်းဇော်ထိုက် (တပ်မတော်ကြည်း-က)၊ နောက်တန်း-စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ ငွေအောင်(ကာကွယ်ရေး)၊ ဇော်လင်းထွန်း-၂(စီးပွား/ကူးသန်း)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်ဟိန်းလတ်(ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ ကျော်ကျော်လင်း(ကာကွယ်ရေး)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင်(တံခွန်)၊ အလယ်တန်း-အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ မာလ(စီးပွား/ကူးသန်း)၊ စန်းမောင်(ကာကွယ်ရေး)၊ မောင်မောင်အောင်(ကာကွယ်ရေး)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ချစ်ကိုကို(ပြည်ထဲရေး)၊ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မျိုးမင်းထွန်း (စီးပွားကူးသန်း)၊ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ ရှေ့တန်း-ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး(တံခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းနိုင်(ကာကွယ်ရေး)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ အောင်ထွန်းနိုင်(သစ်တော)နှင့် ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အောင်မြင်မှုရရေးရှေးရှု၍ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်၊ ကြိုးကြိုးစားစားလေ့ကျင့်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

(ကြေးမုံ)



လေ့ကျင့်

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ ဘောလုံးသယ်ယူမှု လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Learning English the Easy and Happy Way for Children and Beginners.
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ချင်းရိုးရာဝတ်စားဆင်ယင်မှု
- ၅:၅၀ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၆:၀၀ ၁၀။ Discovery
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၁၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၃၀ ၁၆။ မွန်ပြည်နယ်(အပိုင်း-၂)
- ၇:၄၅ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၄၆)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ကျေးဇူးတင်လွှာ

သမီးဦးရတနာအား ကျန်းမာသန်စွမ်းစွာဖြင့် (၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၆ရက်၊ ၂၀၀၄ခုနှစ် ဇွန်လ ၈ရက်၊ အင်္ဂါနေ့)တွင် မီးရှူးသန့်စင်ဖွားမြင်ပေးခဲ့ကြပါသော သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်လေးကြွယ်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသိန်း၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ရင်နွယ်တို့နှင့်အတူ အောင်မြင်စွာခွဲစိတ် မွေးဖွားသန့်စင်ပေးခဲ့ကြပါသောဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အထူးဂရုပြု စောင့်ကြပ်ပေးကြပါသော ဒေါက်တာဇော်ထွန်း၊ ဒေါက်တာဒေါ်ငွေငွေကြည်နှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းမိသားစုအားလည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကိုညီ–မဇေဇင်လတ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကိုဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1) Radio Studio Digitalization	(1) Lot
(2) 1. KW TV TX	(1) Set

(ခ) မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန e-Government ထူထောင်ရန်လိုအပ်သော Computer စက်ပစ္စည်းများ

(1) Web Authoring & Publishing PC c/w Software	(2) Nos
(2) A4 Scanner	(1) No
(3) A4 Laser Printer	(1) No
(4) Networking Equipment (Network Switch, Work cable, Connectors & Accessories)	(1) No
(5) Un-Interruptible Power Supply (2KVA)	(2) Nos
(6) Virus Protection Software	(1) No

(ဂ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁) ကြေးစက္ကူ(အပါး)	၅ တန်
(၂) ကြေးစက္ကူ(အထူ)	၅ တန်
(၃) ကရုန်ကုတ်ကတ်	၅ တန်
(၄) Agfa Film (22"x 32")(အနည်းဆုံး)	၂၀ ထုပ်
(၅) Rubber Blanket	၁၀၀ ချပ်
(၆) Damping Roller Hose	၆၀ လိပ်
(၇) Riso Master Roll	၁၀၀ လိပ်
(၈) Riso Ink	၁၀၀ ခု
(၉) Stitching Wire	၂၀၀၀ ကွိုင်
(၁၀) Binding Cloth	၁၀၀၀ မီတာ

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

1. Fixer(Ortho Film)	80 ထုပ်
2. Fixer(Agfa Film)	90 ဘူး
3. Agfa Developer	30 ပုလင်း
4. Foll Film	2250 လိပ်
5. Toner 1215	160 boxes
6. Gum Arabic	1000 Kgs
7. Cello Tape(Red)	1000 Rolls
8. Cello Tape(White)	1500 Rolls
9. Copier Toner(7118)	80 boxes
10. Rubber Blanket T-Bar	128 Shts
11. Rubber Blanket(Roll)	1040 inches
12. Gestetner ink Tube	440 Nos

၂။ တင်ဒါပေးသွင်းမှုကို (၁၈–၆–၂၀၀၄) ရက်(၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုတ်ခွဲရောင်းချရေးကော်မတီ
မြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၄၄၊ ၂၄၅၆၄၅။

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါဂျာနယ်တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အဖွင့်မိန့်ခွန်း ပြောကြားသည့် သတင်း၊ မောင်ဆုရှင်၏ တည်ဆောက်ခြင်းနှင့်ဆောက်တည်ခြင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်၊ စန်းနီလာဝင်း၏ ဖြစ်ချင်တာရယ်၊ ဖြစ်နိုင်တာရယ်၊ ဖြစ်သင့်တာရယ်၊ ချစ်နိုင်(စိတ်ပညာ)၏ မိုင်းတုံ–မိုင်းဆတ်–တာလေ–ကျိုင်းလပ် ခရီးတစ်ခေါက်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ရာမညာ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရွှေဘူးမင်းဇေယျာ၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ သိပ္ပံစိုးမြင့်နိုင်၊ မောင်မောင်စိုးသက်၊ အောင်ဇေယျ (နည်းပညာတက္ကသိုလ်)၊မင်းသွေးနွယ်၏ အောင်လံလှိုင့်လျက် ကမ္ဘည်းဆင့်လျက် ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။

(က–ပ)

မွေးနေ့မင်္ဂလာဆုတောင်း

ဗိုလ်မှူးမောင်မောင်မြမိုး

၉–၆–၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နှစ်ပေါင်း (၁၂၀)တိုင်အောင် ဓနီး ဒေါ်ဝါဝါမင်း၊ သား မောင်သုတတို့နှင့်အတူ ရာသက်ပန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးလှမျိုးမိသားစု။

STAR LIGHT
* ကားအောက်ပိုင်းပစ္စည်းရောင်းသည်။
* ကားအောက်ပိုင်းပြုပြင်ခြင်းနှင့် ကားဘီး အလိုင်းမင့်ရိုက်သည်။ ၃၄ ဘုရင့်နောင်လမ်း ချောင်း၀။ Ph: 534457

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English JUNE - 14, 21, 26
Pre-Intermediate English JUNE - 14, 21, 26
SAT (I), Intermediate English JUNE - 1, 26
Vocabulary Enrichment Course JUNE - 14
Grammar Foundation Course JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II) / AE
No.118, Y.W.C.A Building, Bogyoke Street, Botataung TSP.
ဖုန်း - 245821

☎ 710612

Ph 295274
Ph 293294

Messenger (Language Centre)
Proficiency Class Business English
Spoken English Exam-Preparation Courses
Writing Skills Academic English
(၆၈, လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်)
ဖုန်း–၀၁ ၂၂၂၅၅၃ (ဇွန်လလယ်ဖွင့်မည်)

မူပိုင်ဖြန့်ချိရေး ဓာတ်ပြားကိုဘမြင့် တေးသံသွင်း
ဂီတစာဆို ဆောင်းကြူမွှေ ရေးသားပူဇော်သည်
သုမောင်
ဂုဏ်ပေါင်းဝေဖြာ သဗ္ဗမင်္ဂလာ

EXAMPLEZ
တမ်းတမ်းတတ ...ချစ်ခဲ့လို့

TAPE,CD, VCD KARAOKE ထွက်ပြီ
Examplez

Three Friends Co., Ltd.
Construction and Decoration
Trading
44 A (1)
Ph : 01 - 201121, 294864, 09 - 80 - 34431
- ဆောက်လုပ်ရေး (PAE, Supervision)

ကာရိုနီးကား
အငှားလိုက်ပါသည်။
Tel-703234

တားစီးလုံးငှားမည်
MT&K Tourism Co.,Ltd
Ph:663161, 666220, 4411043
09-2042015, 09-5016937

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း၊ ပေါက်နြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ရေ)၊ မြေကွက်အမှတ်( ) မြေစရိယာ(၀.၁၁၁ဧက)ကရှိ မြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ရန်ကုန်တိုင်း ပေါက်နြို့နယ်၊ ကျွဲဆေးစေတီလမ်း အမှတ်(၃၉/ဘီ)ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း(၅၅၂၉၃၈) အပါအဝင်။

၂။ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၂–ဗိုင်–၂၂ မြေကွက်အမှတ်–၁၆၈၊ စရိယာ(၀.၁၁၁၈၂၁)ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်–၄၃၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၈)ထပ်တိုက်တစ်လုံး။

၃။ အမှတ်–၅၉/၆၁(၄–အေ/ဘီ)(အပေါ်ဆုံးထပ်) ၅၄လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်း။

၄။ တိုယိုတာမော်တော်၊ ဝ၈က/၄၇၄၃

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော/ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော်ဦးမြသန်း၊ ရွှေကြိုးမင်းရွှေဆိုင်ပိုင်ရှင်(အမှတ်–၅၂၀၊ အခန်း–၂ မြေညီထပ်၊ မဟာဗန္ဓုလလမ်း)၏ လုပ်ငန်းမှရရှိသော ဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကို ဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ခိုင်ကောသီ (ခ) ခင်မိုးမိုးခိုင်အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံး၍ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ်ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်မိပါက လွှဲပြောင်းသူနှင့် လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း
(ရွှေကြိုးမင်းရွှေဆိုင်)

အမည်ပြောင်းခြင်း

အဘဦးဝင်းချို၏သား အထက(၃) လှိုင်သာယာ အဋ္ဌမတန်း(A)မှ မောင်ထက်နောင်ဝင်းအား ယနေ့မှစ၍ မောင်ဝေယံမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံမင်းဦး။

အမည်ပြောင်းခြင်း

မိတ္ထီလာမြို့၊ အထက(၅) ရှမ်းတဲ၊ ပဉ္စမတန်းမှ အဘဦးခင်မောင်စိန်၏သား မောင်အောင်သီဟအား ယနေ့မှစ၍ မောင်ထက်သီဟကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်သီဟကျော်။**

အမည်ပြောင်းခြင်း

သန်လျင်၊ အထက(၁) သတ္တမတန်းမှ အဘဦးသန်းထွန်း၏သမီး မအေးဇာဇာအား မအေးဇာနည်ထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မအေးဇာနည်ထွန်း။

အမည်ပြောင်းခြင်း

အဘဦးမြင့်အောင်၏သမီး တောင်သာမြို့ အထက၊ နဝမတန်း(A)မှ မရည်မွန်အောင်အား ယနေ့မှစ၍ မအေးချမ်းမိုးဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းမိုး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ပတ်စပို့ (PPNO. 142025) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပါရန်။

ဦးကျော်ကျော်စိုး၊(ဘ)ဦးစိုးလှိုင်၊ တိုက်(၁)၊ အခန်း(၁)၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်း။ ဖုန်း–၀၉–၅၀၁–၀၆၁၂။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ဦး ရခိုင်ပြည်နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟောပြောပွဲ တက်ရောက်

ရန်ကုန် ဇွန် ၈

ရခိုင်ပြည်နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟောပြောပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကတိုင်းမှူး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စစ်တွေတပ်နယ် တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အကြောင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်သန်းနုက အမျိုးသမီးများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်းကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးခင်အောင်မျိုးက ပတ်ဝန်းကျင်နှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က 'ပတ်ဝန်းကျင် ကောင်းအောင် ဒို့စွမ်းဆောင် လူ့ဘောင်ကိုအကျိုးပြု'ခေါင်းစဉ်ကိုလည်းကောင်း၊ ပြည်နယ်သစ်တော ဦးစီးဌာနဦးစီးမှူး ဦးတင်အေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ အရေးပါပုံကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဗုဒ္ဓပြတိုက်ဝင်း အတွင်း၌ မဟော်ဂနီပင် ၁၅၀၀၊ လောကနန္ဒာ ဘုရားဝင်းအတွင်း၌ ပျဉ်းကတိုးပင် ၁၀၀၀နှင့် အခြားသစ်ပင်မျိုးစုံပင် ၁၅၀၀၊ စစ်တွေ တက္ကသိုလ်၌မဟော်ဂနီပင် ၁၀၀၀နှင့် ပျဉ်းကတိုးပင် ၅၀၀၊ ဝေသာလီ ရင်ပြင်၌ သစ်ပင်မျိုးစုံအပင် ၁၀၀၀၊ ကန်တော်ကြီးပတ်ဝန်းကျင်၌ ကျွန်းအပင် ၅၀၀အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစိုက်ပျိုးပေးသည်။

ပဲခူးတိုင်းဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ကိုကို ထန်းတပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး ဇရပ်ကြီး တိုက်နယ်ဆေးရုံ ကြည့်ရှု

ရန်ကုန် ဇွန် ၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နှင်းယွန်းဇေတဝန်ကျောင်းတော်ကြီးသို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒကအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ဇရပ်ကြီးအခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသိန်းက ကျောင်း၏သမိုင်းအကျဉ်းနှင့် ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး၍ စာသင်ခန်းများအတွင်း ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ထန်းတပင်မြို့နယ် ကင်မွန်းချို အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး ရာ တိုက်နယ်ဆရာဝန် ဒေါက်တာ နေဝင်းသွင်က ဆေးရုံနှင့်ပတ်သက် သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တိုက်နယ်ဆေးရုံအဆင့် ငွေပဒေသာပင်စိုက်ထူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြား၍ ဆေးရုံအတွင်း အမျိုးသား၊ အမျိုးသမီး လူနာဆောင်၊ ခွဲစိတ်ဆောင်အား ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် တာဝန်ရှိ သူများနှင့်အတူ ရွှေမင်းဂံ သဘော်ဆိပ်သို့သွားသည့် လမ်းမပေါ်ရှိ ဆတ်ရိုးကျ ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေမှုကိုလည်းကောင်း၊ အစိုးရနည်းပညာကောလိပ်(စစ်တွေ)ပင်မ သုံးထပ်ဆောင် ဆောက်လုပ်ခြင်း စီမံကိန်း လုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၂၃)ကြိမ်မြောက် ရေစက်ချမင်္ဂလာ အခမ်းအနားနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန်၆ ရက် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရှစ်ထပ် ဝေဇယန္တာဆောင်၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပဒေသာပင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော) ဆရာတော်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင် (အငြိမ်းစား)က အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားပြီး ဆရာတော်နှင့် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ယောဆရာတော်ထံမှ ပရိသတ်များက သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ လှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၂၃)ကြိမ်မြောက် ရေစက်ချ မင်္ဂလာပွဲနှင့် ဂုဏ်ပြုပွဲကို ဝေဇယန္တာဆောင်၌ ကျင်းပရာ အလှူရှင်များက မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော) ဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

သန်လျင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သန်လျင် ဇွန် ၈

သန်လျင်တပ်နယ်နှင့် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့၏ ဦးဆောင်မှုဖြင့် တပ်နယ်မှ အရာရှိစစ်သည်အင်အား ၅၀၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း အင်အား ၁၅၀၀ ခန့်သည် ဇွန်၅ရက်နံနက်က သန်လျင်မြို့မှ ဆေးရုံကြီးနှင့် ကျိုက်ခေါက်ဘုရားဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့်နေရာသို့ တပ်နယ်မှူး ဗိုလ်မှူးကြီးမော်ဦးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်နှင့် စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းမြိုင်တို့ တက်ရောက် ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

မိုးရာသီ၌ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

မေ၃၁ရက်က ဖျာပုံခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်ခရိုင် ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)



ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ မေ ၂၂ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးစိုးသန်းနှင့်အတူ ဘုရင့်နောင် - သဇင်လှ- ဘောဘောကြီး လမ်းပေါ်တွင်ရှိသော အုတ်ခုံ သစ်သားတံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(၄၉၇)

ကတ္တရာခင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဘားအံ ဇွန် ၂

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သံလွင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက မေ ၂၄ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ (က-ပ)

ကျောင်းအပ်နှံရေးနေ့ ဘိုကလေးမြို့၌ ကျင်းပ ဌာနဆိုင်ရာများက အလှူငွေများ ပေးအပ်လှူဒါန်း

ဘိုကလေး ဇွန် ၂

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပညာရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲကို မေ ၂၇ ရက်က ဘိုကလေးမြို့ (၉)ရပ်ကွက် အောင်သပြေ အမကကျောင်း၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးမြင့်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းနေကလေးများအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ငွေကျပ်သုံးသိန်းတစ်သောင်း၊ မြို့မ (၉) ရပ်ကွက် အမက မိဘဆရာအသင်းက ငွေကျပ် ၅၅၀၇၀ နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဗလာစာအုပ် ငါးဒါဇင်ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်ဆောင်ရွက်

သုံးခွ ဇွန် ၄

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သုံးခွမြို့နယ်အတွင်း မိုးရာသီတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် အနော်ရထာလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်တွင် အုတ်ရေပြွန်ပြုလုပ်ခြင်း၊ အမှတ်(၁၁)ရပ်ကွက် ဓမ္မစေတီလမ်းနှင့် (၁၂)ရပ်ကွက် အောင်ဇေယျလမ်းတို့ရှိ ရေမြောင်းများ ဖော်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို မေ ၃၁ ရက်က ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမျိုးတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စည်ပင်ညွှန်မှူးနှင့်အဖွဲ့ ငဖဲမြို့နယ် ကွင်းဆင်းစစ်ဆေး သတ္တမအကြိမ် အလှူရှင်စက်ရေတွင်း တူးဖော်မှုကြည့်ရှု

မကွေး ဇွန် ၃

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် ငဖဲမြို့သို့ မေ ၂၆ရက် နံနက်တွင် ရောက်ရှိရာ ငဖဲမြို့နယ် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်ဒေသ သန့်ရှင်းသောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းနှင့် ကျေးလက်နှစ် (၃၀) လမ်းတံတား စီမံကိန်းပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်ချက်များမှာကြားသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက် ညွှန်ကြားရေးမှူးသည် အဖွဲ့ရုံးဆောက်လုပ်ပြီးစီးမှု၊ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးနှင့် ပျိုးဥယျာဉ်အတွင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငဖဲမြို့နယ် ပဒါန်းကျေးရွာ သတ္တမအကြိမ် အလှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(တိုင်းစည်ပင်)

ကြည့်ရှုစစ်ဆေး

မေ ၂၀ ရက်က ဖားကန့်မြို့ ဥရုချောင်းရေလမ်းကြောင်း ဖြောင့်ခြင်းအတွက် သဲအိတ်ချ၍ တာပေါင်ပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ချို့နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ထောက်ပံ့ငွေပေးအပ်

မေ ၃၀ ရက်က လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများဖြစ်သည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသူ၊ ကျောင်းသား ၁၄၉ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၆၉၇၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဉာဏ်ဝင်းက စခန်းမှူး ရဲအုပ်ခင်မောင်သွင်သို့ ပေးအပ်စဉ်။ (က-ပ)

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နွေရာသီ အေရိုးဗစ်သင်တန်းဆင်းပွဲ ကျင်းပ

ဂန့်ဂေါ မေ ၂၅

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးငယ်ရွယ်အဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အေရိုးဗစ်သင်တန်းဆင်းပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီက ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ပြုလုပ်သည်။

အမှာစကားပြော

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှဆွေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် အမျိုးသမီးငယ်ရွယ်အဖွဲ့ ခေါင်းဆောင် ဒေါ်ကေသီနွယ်တို့က အမှာစကားပြောကြားပြီး မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ခေါင်းဆောင် ဒေါ်ကေသီနွယ်က သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (၄၆၅)

မိုးရာသီ သစ်ပင်စိုက်ပွဲ ကျင်းပ သစ်ပင် လေးသောင်း စိုက်ပျိုးသွားမည်

မိုင်းဖြတ် မေ ၃၁

မိုင်းဖြတ်မြို့ ရှုခင်းသာဂေါက်ကွင်း၌ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို မေ ၂၂ရက် နံနက် ၇နာရီက ကျင်းပရာ မိုင်းဖြတ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အင်အား ၁၅၀၀ ခန့် တက်ရောက်ကြသည်။

စိုက်ပျိုးမည်

အဆိုပါ အခမ်းအနားတွင် ထင်ရှူး၊ ခါတော်မိ၊ စိန်တံချူ၊ အော်ရီရှား၊ ပနားမား၊ ၄ စသည့် သစ်ပင် ၁၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုနှစ် မိုးရာသီအတွင်း သစ်ဆိမ့်ပင်အပါအဝင် သစ်ပင် ၄၀၀၀၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

စစ်တွေမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရေးစီမံကိန်းများ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းက ကျေးရွာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (၂၆၄)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် ဝန်ထမ်းများ မြို့သာယာ လှပရေးအတွက် ပန်းပျိုးပင်များကို လေးရှာပန်းဥယျာဉ်၌ ဇွန် ၃ ရက်က စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

သီးနှံစိုက်ပျိုးမှုစာရင်းမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ခင်ဦး မေ ၂၉

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ညွှန်ကြားရေးမှူး(စာရင်းအင်း) ဦးကျော်တင့်တို့သည် စစ်ကိုင်းတိုင်းအတွင်း မြေယာတည်ရှိမှုနှင့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ စာရင်းများ မှန်ကန်ရေးအတွက် ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် နွေစပါး ၂၄၆၃၃ ဧက စိုက်ပျိုးပြီးစီးမှုကို မေ ၂၁ ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ မြေစာရင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပုစွန်မွေးမြူရေး ညှိနှိုင်းစည်းဝေး

သံဖြူဇရပ် ဇွန် ၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၏ ရေချိုရေငန် ပုစွန်မွေးမြူရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်က သံဖြူဇရပ်မြို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့် မြို့နယ်စာရင်းဦးစီးမှူး ဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြကြသည်။ ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် တာဝန်ခံများ တက်ရောက်ကြသည်။ (၂၅၇)



ယုဇနဆောက်လုပ်ရေး

အဖွဲ့ မှ အရှေ့ / မြောက် ဒဂုံမြေကွက်များ အထူးဈေးနှုန်း

(၁. ၆. ၀၄ မှ ၂၀. ၆. ၀၄) ထိ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် လိပ်စာ - 7,8 လမ်းဆုံ မီးပွိုင့်အနီးပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။

☎- 700800,540745,540746,540747

ထူးလေးစင်တာဗိုင်းဖက်ရှင်

အမှတ်(204/208)၊ အနော်ရထာလမ်းမကြီး၊ ☎ 252804, 283359

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် မေလ ၂၅ရက်။

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Green Master မြက်ဖြတ်စက်အရန်ပစ္စည်းများ	1 Lot
၂	Hight Tensile Wire များ	၉၄တန်
၃	Myanmar Convention Centreတွင် တပ်ဆင်ရန် Crystal Chandelier (Dia 350cm x Ht 400 cm)	1 No

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၅–၆–၂၀၀၄ရက်နေ့ (၁၆း၀၀)နာရီအချိန်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု၊ ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ(၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ – ၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား/ အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၅–၇–၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၄–၆–၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှ သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၎င်းအပြင် – အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၆–၇–၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်ပညာရှင်များမှ စာတွေ့၊ လက်တွေ့ကို အနီးကပ်ကြီးကြပ် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် – ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း – ၆၆၀၈၅၁။

ရေခဲသေတ္တာနှင့် လေအေးပေးစက်
အင်ဂျင်နီယာဖြစ်သင်တန်း

စတင်ဖွင့်လှစ်မည့်ရက် – ၁၆–၆–၂၀၀၄
သင်တန်းသားဦးရေ – ၂၀ ဦး
သင်တန်းအမျိုးအစား – အခြေခံပညာအထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်ပြီး မော်ဂျူး(၁)နှင့် မော်ဂျူး(၂)သင်တန်းကာလ(၄)လ ပြီးဆုံးပါက City & Guilds မှ Level-3 အဆင့် Diploma ရရှိပါမည်။

ဆက်သွယ်ရန် – Novel Win Engineering Centre
အမှတ်(၇)၊ မြေညီ၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။

ဆေးဘုရင်

ဆံနွယ်ကြီး

လှိုင်မြစ်အောင်အရောင်းအမြန်ပြည့်ပြီးမှုဌာန

cyberenglishcentre

Cyber English

Certificate

Cyber for Teens, Cyber for Kids & Kindergarten

CHRD (ရန်ကုန်ပညာရေးတက္ကသိုလ်)

NZMEC 01-722932, 01-527075/527076 Ext: 222

ဗူးရှမြတ်မြတ် (ခုတိယမြောက် မြေလှမ်း)

ရွှေဝါရောင်ချစ်ကြိုဆိုတော်တား

အမှတ်–၁၂၀၊ ၃၄–လမ်း (လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်

(၁) Asst: Marketing / Sales Manager

Marketing Development & Sales Promotion

(၂) Sales Supervisor

Sales Promotion

(၃) Salesman

Sales

Principles and Practice of Business Management

MENTOR BMC

စီးပွားရေးမဂ္ဂဇင်း

ဇွန်လ ၂၀၀၄

ACE Data Systems

Software Engineering Level (I)

Enroll Now

ရောင်းမည်

ရုပ်ရှင်၊ ဗီဒီယိုတည်းဖြတ် (Editing) စက်များ အစုံလိုက်၊ လုပ်ငန်းတစ်ခုလုံးစာ လျှော့ဈေးဖြင့် ရောင်းမည်။ ကား/အိမ်ခန်းဖြင့် လဲမည်။

ဖုန်း – ၀၁–၂၄၈၁၇၉။

အထူးအစီအစဉ်

E-mail ကို Net work ဖြင့် သင်ပေးပါသည်။

Microsoft Word/ Excel

ပြည်တွင်းပြည်ပ ထေရဝါဒ ကမ္ဘာ့သာသနာပြု သက်တော်ရှည်
ရာဇဂြိုဟ်(အိန္ဒိယနိုင်ငံ)ဆရာတော်ကြီး
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇယန္တ ၏
သက်တော်(၉၉)နှစ်ပြည့် ရာကြို ပူဇော်ပွဲအခမ်းအနား
ဖိတ်ကြားစာ

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့တွင် (၆၈)နှစ်တိုင် သီတင်းသုံးတော်မူခဲ့သော သက်တော်ရှည် ဆရာတော်ကြီး **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇယန္တ**၏ **သက်တော်(၉၉)နှစ်ပြည့်ရာကြိုပူဇော်ပွဲ**အခမ်းအနားကို နယုန်လပြည့်ကျော်၁၁ရက် ၁၃–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရာဇဂြိုဟ်ကျောင်းတိုက်(၆၁)ရပ်ကွက် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ရာဇဂြိုဟ်ကျောင်း ပရိယတ္တိစာသင်တိုက်
ဆက်သွယ်ရန်ဖုန်း– ၇၂၈၂၉၂

လေလံကြော်ငြာ

၁။ အားကစားဝန်ကြီးဌာန၊ ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ အသုံးမလိုပို၍လျှော့ချက်ရှိပြီး အသင့်အသုံးပြုနိုင်သည့် (၄ခ)နှစ်ဆန်းအမျိုးအစား (လုပ်ငန်းလိုင်စင်လျှော့ထားဆဲ)ယာဉ်(၁)စီးအားမျက်မြင်အခြေအနေအတိုင်း ၂၃–၆–၂၀၀၄ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၁၀၀၀/–နှုန်းဖြင့်အား/ကာ ဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစု၊ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ၁၁–၆–၂၀၀၄ရက်နေ့မှ ၂၂–၆–၂၀၀၄ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၃၇၀၆၀၆၊ ၃၇၃၃၀၇–၂၀၈၊ ၃၇၃၃၀၇–၂၁၀ ထံ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ။

Fantasy Home အထူးလျှော့ဈေးနှုန်း

* ခန်းဆီးပိတ် + ခန်းဆီးလိုင်း (ဝန်ဆောင်မှုပါ)

၂ /၆က၊ နတ်မောက်လမ်း၊ တာမွေ(၅၄၉၃၁၇)
(9:30am°-°5:00pm) except Sunday

လမင်းသာ မျိုးအောင်
ဓာတ်ရိုက်၊ ဓာတ်ဆင်
လက္ခဏာဗေဒင် ၁ မှ ၂၅ရက်–
၆၊ လမ်း(၁၄၀)၊ မအူကုန်း၊ ရန်ကုန်မြို့၊ ယုဇနပလာဇာရှေ့၊
ဖုန်း–၂၀၂၄၂၄။
၂၆မှ လကုန်အထိ–၄၁၄၊ မရမ်းကုန်း၊ မော်လမြိုင်မြို့။

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း –၆၆
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခု၊ တရားမဇာရီမှုအမှတ်–၁၄/၂၀၀၃

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)
၁။ ဒေါ်အုန်းခင်
၂။ ဦးသက်ထွန်း
အမှတ်–၅၂၊ စကြာ်လမ်း၊
ကျွန်းတောရပ်ကွက်၊
တွံတေးမြို့။

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်–၃၈/၀၂တွင် ၂၈–၁၁–၂၀၀၂ရက်စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် (၂၀၀၄ခု ဇူလိုင် ၉ရက်)နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ စကြာ်လမ်း အမှတ်(၅၂) ကွင်းအမှတ်–၈၂၊ ကွင်းခြံကွင်း ဦးပိုင်(၈၁/၁၀) ဧရိယာ(၀ ဒသမ ၀၈)ဧက(၆၉X၁၂၀)ပေနှင့်၎င်းမြေကွက်ပေါ် ဆောက်လုပ်ထားသော (၃၀X၃၅)ပေ၊ သွပ်မိုး၊ ထပ်ခိုး သစ်မာလျှာထိုး၊ အောက်ထပ် သံမံတလင်းခင်း၊ တစ်ထပ်ခွဲနံကပ်တိုက်၊ အိမ်အပါအဝင် အကျိုးခံစားခွင့်များ။

အဆိုပါ လေလံတင်ရောင်းချမည့်ပစ္စည်း ကြမ်းခင်းဈေးမှာ ငွေ–၄၀၀၀၀၀၀/–(ကျပ်လေးဆယ်သိန်းတိတိ) ဖြစ်ပါသည်။

မှတ်ချက်။ (က) အထက်ဖော်ပြပါအိမ်နှင့် မြေသည် တရားရှုံးပိုင်ဖြစ်သည်။
(ခ) ဖော်ပြပါအိမ်နှင့် မြေသည် တရားရှုံးလက်ဝယ်တွင် ရှိသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ – တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရုံးချိန်တွင်း လာရောက် စုံစမ်းနိုင်ပါသည်။

၂၀၀၄ခု ဇွန်လ ၇ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ကြူကြူဝင်း
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး။



ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
(နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်)

၁။ **Project Manager** ကျား (၃) ဦး
- Any graduate
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁၅)နှစ်ရှိရမည်။

၂။ **Asst: Project Manager** ကျား (၃) ဦး
- Any graduate
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၈)နှစ်ရှိရမည်။

၃။ **Project Engineer** ကျား (၃) ဦး
- B.E(Civil)
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁၅)နှစ်ရှိရမည်။

၄။ **Site Manager** ကျား (၃) ဦး
- Any graduate
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံရေးသား၍ ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–
Tet Kham Construction Co.,Ltd.
No.166, 10th Floor, MMB Tower, Upper Pansodan Road
Mingalar Taungnyunt Township, Yangon.
Ph: 383136, 383137, 383139

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးတင်မောင်သန့်[၁၂/သဃက(နိုင်) ၁၂၄၂၁၁]သည် ဒေါ်နီလာစိုး [၁၂/သဃက(နိုင်)၀၀၆၈၅၉]နှင့် ၃–၅–၂၀၀၄ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဦးတင်မောင်သန့်။

အများသိစေရန်သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိန်ငွေ[၁၂/အစန(နိုင်)၁၀၄၇၂၃]နှင့် သမီးဖြစ်သူ ဒေါ်ခင်နေဇာ[၁၂/အစန(နိုင်)၁၆၇၇၅၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ပစ္စည်းများသည် ကျွန်ုပ်မိတ်ဆွေဦးစိန်ငွေအမည်ပေါက်လက်ရှိပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်း၊ အပေါင်အနှံထားခြင်း၊ ပေးကမ်းခြင်း၊ အကျိုးယုတ်လျော့အောင်ပြုခြင်း၊ အကျိုးဖျက်ဆီးခြင်းများကို လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

၁။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့သစ်ရပ်ကွက်(က/၆)လမ်း၊ အမှတ်၃၄၃၊ မြေကွက်အမှတ်–၅၈၇(က)၊ မြေငှားစာချုပ်အမှတ် အစ ၈၁/၉၆ဟု ခေါ်တွင်သော မြေနှင့်ယင်းဝိုင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

၂။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့သစ်ဈေးရှေ့(ခ/၉)လမ်း၊ အမှတ်၃၇၀/၃၇၁ဟု ခေါ်တွင်သော တိုက်အဆောက်အအုံရှိ (၆)လွှာ၊ အခန်းအမှတ်(၅၀၁)နှင့် ၎င်းအခန်းတွင်းရှိ ပစ္စည်းများအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်၊

၃။ ဆန်နီပစ်ကပ်အမျိုးအစား(၃ခ/၅၅၉၄)ကြက်ဥအရောင်(အသင့်မောင်းနှင်စီးနိုင်)၊

၄။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်ထုတ်ပေးထားသော ဂျီအက်စ်အမ်မိုဘိုင်း–၀၉၅၀၁၇၇၆၈ လက်ကိုင်ဖုန်း၊

၅။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့သစ်ရပ်ကွက်၊ က/၆လမ်း၊ အမှတ်၃၄၃ရှိ လူနေအိမ်၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်တပ်ဆင်ခွင့်ပြုထားသော အိမ်သုံးကြိုးဖုန်း–၆၄၁၂၁၀တစ်လုံး၊

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်မြင့်–B.A,R.L
တရားရုံးချုပ်ရှေ့နေ(၄၆၃၁)
ဒေါ်သင်းသင်းခိုင် LL.B,D.B.L
အထက်တန်းရှေ့နေ(၂၃၀၀၇)
အင်းစိန်မြို့နယ်–စုပေါင်းရုံးခန်း
ရှေ့နေများနားနေခန်း၊ အင်းစိန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ မှတ်ပုံတင်ကတ်ပြား အမှတ် [၉/မရမ(နိုင်)၀၉၁၉၆၆]နှင့် ယာဉ်မောင်းလိုင်စင်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **မခင်မာမာဝေ**

ဖုန်း–၀၉၆၉၇၁၄၀၂၊ ၀၂ ၃၂၃၄၇။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် စ/၇၈၉၇ ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)**

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူရွှေပေါက်ကံမြို့နေ ဦးကြည်ရွှေ–ဒေါ်ခင်လေးတို့၏ သမီး မခိုင်မာဦး [၉/မထလ(နိုင်) ၀၀၀၅၁၃]သည် အိမ်ထောင်သက်(၁၂)နှစ် ကာလအတွင်း ကျွန်တော်၏ လုပ်ငန်း တာဝန်အပေါ်တွင် လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအပိုင်းတွင် လည်းကောင်း အမျိုးမျိုးစိတ်ဆင်းရဲစေခဲ့ပြီး မယားဝတ္တရားနှင့် ပြည့်စုံစွာ နေထိုင်ခြင်းမရှိပါ၍ ကြော်ငြာသည့်နေ့မှစတင်ပြီး ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ သူမနှင့်ပတ်သက်သော ကိစ္စအဝဝအတွက် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းသိစေအပ်ပါသည်။

ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)
လ/ထညွှန်ကြားရေးမှူး၊စက်မှု(၂)။

FAME ROYAL JELLY
မျှားနို့ဆားဆေးတောင့်

YOUTH Computer Centre (Hot Line - 376418)

အသံနှင့်ပတ်သက်နေသောလုပ်ငန်းများအတွက် ကွန်ပျူတာဖြင့် ဂီတသံစဉ်များဖန်တီးခြင်းကို အကောင်းဆုံးသင်ကြားလိုလျှင် Certificate in Music Production ကိုတက်ပါ။
ကုမ္ပဏီရုံးလုပ်ငန်းခွင်ဝင်လိုသူများအတွက် Cer : in Business Environment ကိုတက်ပါ။
ကွန်ပျူတာအခြေခံမရှိသူများအတွက် Cer : in Information Technology (ICT Level I)
ကွန်ပျူတာရုပ်သံကျွမ်းကျင်လိုသူများအတွက် Cer : in Multimedia Production (Video/Audio)
Software Engineer ဖြစ်လိုသူများအတွက် Cer : in Software Engineering (ICT Level III)
Network Engineer ဖြစ်လိုသူများအတွက် Cer : in PC & Network Engineering (ICT Level II)
Other Courses: Windows XP, DTP, ACCPAC, AutoCAD 2002, Digital Graphics Design.
CI(Tarmwe)-710453 CII(39 St Lower)-376418 CIII(Yuzana)-593101



ငါးဖမ်းရေယာဉ် (၁)စင်း
ရောင်းရန်ရှိသည်။
GT: 34.66 ON:4172 စက်ခွမ်း
၅၂၄၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး
ဖုန်း–၂၁၀၂၄၉၊ ၂၂၅၅၄၄။

အမည်ဖြည့်စွက်ခြင်း

ဒေါ်ကျင်စွမ် [၁၂/ရကန(နိုင်)၀၅၇၉၈၆]အား ဒေါ်ကျင်စွမ် (ခ) ဒေါ်ခင်ဝင်းမာဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ကျင်စွမ်(ခ)ဒေါ်ခင်ဝင်းမာ။

အမည်ဖြည့်စွက်ခြင်း

ဦးထွန်းအောင်၏သမီး မခင်ကလျာထွန်း [၁၂/အစန(နိုင်)၁၄၉၁၀၁]အား ယနေ့မှစ၍ မခင်ကလျာထွန်း(ခ) ကလျာထွန်းဟုအမည်ဖြည့်စွက်ခေါ်ပါရန်။**မခင်ကလျာထွန်း(ခ)မကလျာထွန်း။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဂန့်ဂေါမြို့ စည်ပင်သာယာ ရပ်ကွက်နေ ကျွန်မ၏သားဖြစ်သူ မောင်ညွန့်အောင် [၈/ဂဂန(နိုင်) ၀၀၀၁၂၅]သည် မိဘစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သမျှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်ရတင်
စည်ပင်သာယာရပ်ကွက်၊ ဂန့်ဂေါမြို့။

အမည်ပြောင်းခြင်း

အဖ ဦးလှသိန်း၏ သမီး လောင်းလုံးမြို့နယ်၊ မောင်းမကန် အမက စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မမေပွင့်ဖူးအိမ်အား မပန်းဝတ်မှုံဟု ပြောင်းလဲခေါ်ပါရန်။ **မပန်းဝတ်မှုံ။**

ငှား / ရောင်း

- လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ မြေညီထပ်အခန်း(ငှား)
- စမ်းချောင်းမြို့နယ်၊ ခေမာလမ်း (ရောင်း) (ပွဲစားမလို)

ဖုန်း–၂၂၄၅၈၂၊ ၂၁၁၀၇၄(ရုံးချိန်အတွင်း)။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးတင်မောင်ညို၏ သမီး ဖြစ်သူ မလေးဆွေ[၁၂/အစန(နိုင်) ၀၂၈၇၇၁]အား မလေးဆွေ (ခ) ရီနီငွေဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

မလေးဆွေ(ခ)ရီနီငွေ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ဦးဝင်းအောင်–ဒေါ်စန်းရင်တို့၏သား တေဇာအောင် [၉/ခမစ(နိုင်)၀၀၆၃၇၂]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန် မယူပါကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းအောင်–ဒေါ်စန်းရင်။



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးညွန့်ဝေ(၆၈)နှစ်

မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်အသင်းဥက္ကဋ္ဌဟောင်း အရိုးအထူးကု ဆရာဝန်ကြီးဒေါက်တာဦးညွန့်ဝေသည် ၇-၆-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အရိုးရောဂါအထူးကုဆေးရုံကြီး၊ကြည့်မြင်တိုင်။**

ကွီးချီချောင်း(ခ)ဦးကျင်စိုး အသက် (၈၆)နှစ်
(မုန့်ဆိုင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ် ၁၃၅ မြေညီထပ်နေ ဒေါ်ခင်ဖွား၏ ခင်ပွန်း၊ ဒေါ်ခင်စန်းညွန့်၊ ဒေါက်တာဂျော်နီစိုး-ဒေါ်ဒေစီ၊ ဦးစိုးတင်-ဒေါ်စန်းသီတာ၊ ဒေါ်ခင်ခင်ထွေးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၇-၆-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သိန်းအသက် (၇၀)
(ဟင်္သာတ)

ဧရာဝတီတိုင်း၊ဟင်္သာတမြို့၊ဦးအောင်လှလမ်းနေ (ဦးဘသိန်း-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးမြ-ဒေါ်ခင်လှ၊ ဦးကျော်မြင့်-ဒေါ်ခင်မေသက်တို့၏ ညီမ၊ ဦးဝင်းကြည်-(ဒေါ်သန်းသန်း)၊ဒုတိယဗိုလ်မှူးကြီးသန်းရွှေ(တပ်မတော်ရေ-ငြိမ်း)-ဒေါ်အမာစိန်တို့၏အစ်မ၊ရန်ကုန်မြို့ အမှတ် 501-ETCCရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးခင်မောင်ညွန့်-ဒေါ်စိုးစိုးနိုင် (ဗဟိုစံပြငါးဈေးကြီး)တို့၏ အဒေါ်၊ မြေး၂၃ယောက်၊မြစ်ငါးယောက်တို့၏ အဘွားသည်၇-၆-၂၀၀၄(တနင်္လာနေ့) ည ၈ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အမှတ် 501-ETCC ရိပ်သာလမ်းနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံလှိုင် (၆၃)နှစ်
စား/ဖျော်(ငြိမ်း)
ဆိုင်အမှတ်(၁၀)၊တောင်ဥက္ကလာပ

မန္တလေးတိုင်း၊ပျဉ်းမနားမြို့နေ (ဦးချမ်းငြိမ်း-ဒေါ်ဆွဲမိ)တို့၏ သား၊ လယ်ဝေးမြို့နယ်၊ ဝဲကြီးရွာနေ(ဦးထွန်းရီ-ဒေါ်စိန်ကြည်)တို့၏သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၅)လမ်း၊ အမှတ်(၁၉/ခ)နေ (ဒေါ်တင်ဝင်း)၏ ခင်ပွန်း၊ ကိုဇော်မင်းသန်း-မခင်စန်းနွယ်တို့၏ဖခင်၊ မောင်မင်းသီဟကျော်၏အဘိုးသည်၇-၆-၂၀၀၄ ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍၁၁-၆-၂၀၀၄ရက် မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှမြင့်(၅၇)နှစ်

ရန်ကုန်တိုင်း၊ယုဇနဥယျာဉ်မြို့တော်၊ (B) အင်ကြင်းလမ်း၊တိုက်(၂၆)၊အခန်း (၃၀၄)နေ (ဦးမောင်စိန်)၊ (ဦးချစ်ဆိုင်-ဒေါ်စိန်နု)တို့၏ သမီး၊ ဦးဇော်ဝင်း(တပ်စာရင်းကိုင်၊ငြိမ်း)၏ဇနီး၊တက/စရ သန်းကျော်မိုး(ကက-ရေ)-ဒေါ်နီလာဝင်း(ကက-ငွေ)၊ကိုမြသန်းဦး(လှိုင်ကော်)မမေလွှမ်းမိုး၊ မစိုးမိုး၊ မစိုးစိုးထက်(ကက-ငွေ)၊မောင်ချစ်သဲမောင်(ဆသရ)တို့၏မိခင်၊ မောင်ချမ်းမြေ့အောင်၊ မချောစုဝင်းတို့၏ အဘွားသည် ၆-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၃၃လမ်းအထက်မှကားများ နံနက် ၁၀း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း(၄၉)နှစ်
ဥယျာဉ်(တောင်ညွန့်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၁၁၉၂)နေ ဦးလှအောင်(ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ငြိမ်း)-ဒေါ်သောင်းကြည်တို့၏ သားကြီး၊ ဒေါ်ခင်မြ၏မောင်၊(ဦးမင်းဇော်)-ဒေါ်ခင်မာဝေ၊ ဦးခင်မောင်ရင် (ဂါဒီယန်)-ဒေါ်သိန်းသိန်းဝင်း၊ ဦးစိုးလင်းအောင်တို့၏အစ်ကို၊ မောင်ဇော်ဝင်းထွန်း(ကြေးမုံသတင်းစာတိုက်)-မချို၊ မောင်စည်သူအောင်(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ရုံးချုပ်)၊ မအေးသန္တာ ထွန်း(အထက-၂၊ ဗိုလ်တထောင်)၊ မောင်စိုးသီဟ(အထက-၂၊တောင်ဥက္ကလာ) တို့၏ ဦးကြီး၊ မခင်စုဟန်၏ အဘိုး သည်၇-၆-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၁၅ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်တင်မေ (မိုးကုတ်) အသက် (၈၂)နှစ်

မိုးကုတ်မြို့၊ ဂေါင်းဦးဘာရပ်နေ ဒေါ်ကြီး၊ မန္တလေးမြို့၊ အရိုးအိုးကြီးရပ်နေ ဦးအောင်ဘတို့၏ အစ်မ၊ မိုးကုတ်မြို့၊ ဂေါင်းဦးဘာရပ်နေ ဦးလှခင်၏ ဇနီး၊ ကိုအောင်စိုး-မကြည်ဝင်း၊ ကိုတင့်လွင်-မခင်ညို၊ ကိုခင်မောင်မြင့်-မညီမ၊ ကိုဗိုလ်မြင့်သောင်း(ခ)ကိုဖိုးညို-မနုတင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွား ဒေါ်တင်မေသည် ၇-၆-၂၀၀၄ (တနင်္လာနေ့)တွင် မိုးကုတ်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးရွှေ(၇၉)နှစ်

တွံတေးမြို့နယ်၊ ရခိုင်ချောင်ကျေးရွာ ဦးနိမ္မလနန္ဒ၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၇၃)နေ (ဦးစံရှင်-ဒေါ်စော)တို့၏ သား၊ (ဦးညွန့်-ဒေါ်ညွန့်ရီ)၊ (ဦးတင့်-ဒေါ်တင်)၊ (ဒေါ်ကျင်ရီ) တို့၏ မောင်၊ ဒေါ်အေးကျင်၏ ခင်ပွန်း၊ ဦးသန့်ဇင်ထူး(မြေတိုင်းဦးစီးဌာန)-ဒေါ်မိုးမိုးဝင်း (အလက-၁၂၊အင်းစိန်)၊ ဦးညွန့်ဦး (Golden City) - ဒေါ်ညိုညိုစော (စာရင်းစစ်ချုပ်ရုံး)၊ ဦးစိုးမင်း-ဒေါ်ကျော့ကျော့ခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၇-၆-၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း(ခ) ဦးအင်စွီး (၇၂)နှစ်
တိုင်းရင်းဆေးဆရာကြီး
စစ်မှုထမ်းဟောင်း၊ (မြိတ်)

မြိတ်မြို့၊ အမှတ်(၁၄၃)၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ (ဦးမဲ-ဒေါ်စိန်အေး)တို့၏သား၊ (ဦးစုတင်-ဒေါ်ဖွားရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၀၉)၊ ဗဟိုလမ်း (ရှမ်းလမ်း)၊ အလုံမြို့နယ်နေ (ဒေါက်တာဘလင်)-ဒေါ်အင်စိန်တို့၏တူသား၊ ဒေါ်အင်ကြူ (ဦးစွီးကြီး)-ဒေါ်သန်းကြည်၊ ဒေါက်တာအောင်သန်း(မျက်စိအထူးကုဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်စတယ်လာတို့၏ ညီ/မောင်၊ ဦးမျိုးသန့်-ဒေါ်တင်ရီ၊ (ဦးထွန်းအောင်)-ဒေါ်မြကြူ၊ ဦးစံအေး-ဒေါ်အေးကြူ၊ ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ဒေါ်ထွေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးခင်ဇော်-ဒေါ်ဖြူဖြူဝင်း၊ မခင်ခင်ချို၊ မခိုင်ခိုင်ဝါ(မစု)တို့၏ မွေးသဖခင်၊ မအိဇော်ဖြူ၊ မဆုဇော်ထိုက်တို့၏ အဘိုး၊ တူ၊ တူမ ၁၃ယောက်တို့၏ ဦးကြီးသည် ၇-၆-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၁၁-၆-၂၀၀၄ (သောကြာနေ့)မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် (၁၀၉)၊ ဗဟိုလမ်း(ရှမ်းလမ်း)နေအိမ်နှင့် မြိတ်အသင်းမှကားများနံနက် ၁၁း၃၀နာရီ ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ငယ်(၄၇)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၂)နေ (ဗိုလ်ကြီးမောင်ကလေး၊ ငြိမ်း)-ဒေါ်မမကြီးတို့၏ သား၊ ဒေါ်ဝေမာလွင်၊ ဗိုလ်ကြီးခင်အောင်ထွန်း(ငြိမ်း)-ဒေါ်ဆွေဆွေမြင့်၊ ဦးခင်မောင်ကြီး (Sunflower အထည်ချုပ်) - ဒေါ်ခင်မာတင်တို့၏ညီ၊ ဦးခင်မောင်သန်း(Sunflower အထည်ချုပ်)၊ ဦးခင်မောင်ဆန်း-ဒေါ်တင့် တင့်လှိုင် (ဒဂုံတက္ကသိုလ်၊ အင်္ဂလိပ်စာ ဌာန)၊ ဦးအောင်သန်းတိုး (စန်းသော်တာကုမ္ပဏီ)၊ ဒေါ်ခင်မြတ်သင်း (သူရိယပုံနှိပ်မင်)တို့၏ အစ်ကို၊ မသန္တာထွန်း၊ မဝင်းလဲ့အောင်၊ မောင်ကောင်းခန့်ဟိန်း၊ မယွန်းဆုလှိုင်တို့၏ ဦးလေးသည်၈-၆-၂၀၀၄ ရက်တွင်ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်လှသိန်း(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ (၁၀၁)လမ်း၊ အမှတ်(၉)နေ (ဦးထွန်း ရင်) ဗိုလ်ချုပ်ဈေး၊ခေတ်ဆန်း ယဉ်ကုမ္ပဏီ၏ဇနီး၊ ဦးမောင်မောင်သန်း (ခ)ဦးသီလဝံသ(တောင်တန်းဓမ္မရိပ်သာ)၊ ဒေါ်ခင်သိန်းရင်(တောင်တန်းသာ ဟိုတယ်၊ ကျိုက်ထို)နှင့် ဦးကြည်ဝင်း(ဒေါ်ခင်အေးယု)၊ ဒေါ်အုန်းမြ(ဗိုလ်ချုပ်ဈေး) တို့၏မိခင်၊ ဦးဝင်းသိန်းနိုင်၊ဦးဝင်းသောင်း၊ဒေါ်မြတ်မျိုးဝေ၊ဦးထွဋ်မြတ်ဦး၊ ဒေါ်ခင်အေးဝင်း၊ဦးထူးအောင် ဒေါ်ခင်မျိုးဝင်း၊မောင်ထွဋ်ထွဋ်ဝင်းတို့၏ အဘွား၊ မြစ်ငါးယောက်တို့၏အဘွားသည်၈-၆-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၀၄(ကြာသပတေးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ၂း၁၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည် (၈၄)နှစ်
(သန်လျင်မြို့)

ရန်ကုန်တိုင်း၊သန်လျင်မြို့၊ အမှတ်(၁၂၄)၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးစုဆိုင်-ဒေါ်အေးခင်)တို့၏သမီး၊ ဦးလှဦး-(ဒေါ်အမာ)၊ ဦးလှမြင့်-(ဒေါ်ခင်ယုံ)တို့၏ အစ်မကြီး၊ (ဦးညွန့်သိန်း)၏ဇနီး၊ ဒေါ်မြင့်မြင့်ဆွေ(ရ-သုံးဦးစီး)၊ ဦးအောင်မြင့် (မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်)- ဒေါ်အေးအေးတင်(ဗဟိုမှုလွှန်)၊ ဦးမောင်မောင်တာ-ဒေါ်ညွန့်ညွန့်ဆွေ (အခွန်ရုံး၊သန်လျင်)၊ ဦးခင်မောင်မြင့်တို့၏မိခင်၊ ဦးခင်မောင်အေး-ဒေါ်ယဉ်ယဉ်ဦး(မြန်မာ့ရေနံ၊သန်လျင်)၊ဒေါ်ခင်ခင်ဦး(G.T.C၊ သန်လျင်)၊ ဦးကျော်သိန်းဒန်-ဒေါ်နွယ်နွယ်ဦး၊ ဦးမြင့်ဦး-ဒေါ်နုနုဝါ၊ဒေါ်မာလာမြင့်၊ ဦးခင်အောင်မြင့်၊ ဦးထင်အောင်မြင့်(စက်မှုလယ်/ယာ၊ အင်းကုန်း၊ ကျောက်ဆည်)-ဒေါ်စန္ဒာငြိမ်းတို့၏ကြီးကြီး၊ မောင်ညွန့်လင်းအောင်၊ မထက်ထက်အောင်၊ မခင်မြင့်သွယ်တို့၏ အဘွား ဒေါ်လှကြည်သည် ၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၀-၆-၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (သန်လျင်မြို့ နေအိမ်မှကားများ နံနက်၁၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ရီ(၈၇)နှစ်
(ပေါင်းတလည်)

ပေါင်းတလည်မြို့၊ လမ်းမတော်အရှေ့ပိုင်းနေ (ဦးလှရင်)၏ဇနီး၊ (ဦးတင်ဝင်း)-ဒေါ်ခင်အေးကြည်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)၊ ဦးဆန်း(ခရိုင်ပြန်ဆက်၊ မကွေး)-ဒေါ်ခင်မျိုးကြည် (သာထွန်းပြန့်)၊ ဦးမြင့်ရီ-ဒေါ်သန်းငွေ (အလက-၁၊ လမ်းမတော်)၊ ဦးထွန်းအောင်မြင့် (အထက၊ပေါင်းတလည်)-ဒေါ်တင်သန်း (SAT၊အနောက်ကြို့ကုန်း)၊ဦးလှိုင်ကျော်-ဒေါ်ရီရီသန်း၏မိခင်၊ ဦးသက်မြင့်ဦး-ဒေါ်မေရီ၊ မဝေမျိုးဦး(မြန်မာယူနီဗာဆယ်ဘဏ်၊ ဘုရင့်နောင်)၊ မောင်ကျော်ကျော်ဝင်း၊ မောင်ထိန်လင်းဝင်း၊ မောင်ထူးနန္ဒာကျော်၊ မောင်ဇော်မျိုးထက်၊ မထွေးငယ်စု၊ မနွေးသင်ဇာဝေ၊ မသူသူအောင်၊ မောင်အောင်သူရကျော်၊ မစုမြတ်ထွေးတို့၏ အဘွားသည် ၈-၆-၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁း၃၀နာရီတွင် ရွှေကြိုပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှမောင် (၇၉)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၅၆)၊ ကံ့ကော် မြိုင်လမ်းသွယ်(၄)နေ ဒေါ်ကျင်အုန်း၏ခင်ပွန်း၊ ဦးလှအောင်-ဒေါ်ယဉ်ယဉ်မြင့်(မမျိုး) ပွင့်သစ်ကမ္ဘာအေးနှင့် ဦးခင်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ (ကြာသပတေးနေ့)နံနက်၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးညွန့်ဝေ (၆၈)နှစ်
ကထိက
အရိုးအထူးကုဆရာဝန်ကြီး(ငြိမ်း)
(မြစ်ကြီးနား)

မြစ်ကြီးနားမြို့နေ (ဦးခန်း-ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်-ဒေါ်အမာရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၈၈)၊ ငုဝါ(၂)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်သီတာလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကေအောင်စိုး - ဒေါ်သိန်းသိန်းစိုး၊ ဒေါ်ခင်မာဝေ-ဦးခင်မောင်မြင့်၊ဒေါ်ခင်မာဆွေ-ဦးသူရဦးအောင်အောင်-ဒေါ်ဆောင်ဝမ်၊ဦးမြင့်အောင်-ဒေါ်ခိုင်မာလွင်၊(ဦးဇော်ဝင်း)-ဒေါ်ဥမ္မာလွင်၊ ဦးမျိုးဇော်ထွန်း-ဒေါ်ကေသီလွင်၊ ဦးကျော်ကျော်လွင်-ဒေါ်ရွှေရွှေသန်း၊ ဦးညီညီလွင်-ဒေါ်မွန်မွန်ချိုတို့၏ အစ်ကိုကြီး၊ ကိုကျော်ဖြိုးဝေ (Final Part II M.B.,B..S IM-1)-မခိုင်နှင်းလွင်၊ မအိမ့်သရသူတို့၏ ဖခင်၊ မရွှန်းလဲ့ယုယဝေ(ခ)ယုကီ၏ ဘိုးဘိုး၊ တူ၊ တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၇-၆-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ငုဝါ(၂)လမ်း၊ အမှတ်(၈၈)သို့ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ညီမလေး(ခ)ဒေါ်ပြုံး အသက်(၇၃)နှစ်
(မုံရွေး-ကြေးမုံ)

မုံရွာမြို့နယ်၊ မုံရွေး-ကြေးမုံရွာနေ (ဦးချစ်ထွေး-ဒေါ်လှတင်)တို့၏ သမီး၊ ဒေါ်မြင့်ကြည်၏ညီမ၊ ဒေါ်ခင်လဲ့ကြည်၏အစ်မ၊ ဦးလှမြင့်(ကပရ)-ဒေါ်ကေသီနွဲ့(ကပရ)၊ ဦးကျော်စွာ(အလက-၅၊ မရမ်းကုန်း)၊ ဒေါ်နွယ်နီ(လူမှုဖူလုံရေးရုံးခွဲ-၄)၊ ဦးမြင့်ဦး-ဒေါ်ညိုညိုတာ၊ ဦးကျော်ရီ(ဆည်မြောင်း)-ဒေါ်ချိုချိုမာ၊ ဦးဇော်သန်း-ဒေါ်သီသီမာ၊ ဦးမောင်မောင်လေး၊ ဦးညီညီလေး၊ ဦးချမ်းအေးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားဒေါ်ညီမလေးသည်၈-၆-၂၀၀၄ ရက်တွင်အမှတ်(၁၀၇၈)၊ဝဇီရာ(၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘဝင်း အသက်(၄၃)နှစ်
ကားဝပ်ရှော့

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ ကျန်းမာရေးလမ်းနေ (ဦးအောင်ကြည်)-ဒေါ်စွမ်တို့၏ သားကြီး၊ ထုပါရုံ (၃)လမ်းနေ (ဦးထွန်းဖဲ)-ဒေါ်သန်းသန်း(ကိုကိုနိုင်ပရိဘောဂ-၂)တို့၏ သားသမက်၊ မောင်ဇာဏီထွန်း၊ မောင်နိုင်ကိုဝင်း B.C.Sc(1st Year M.D.Y)၊ မမြသော်တာဝင်း(အထက-၁၊သာကေတ၊ VIII-A)တို့၏ မွေးသဖခင်၊ ဒေါ်မိမိသော်၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ထုပါရုံ ၃လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘဝင်း အသက်(၄၃)နှစ်
ကားဝပ်ရှော့

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ကျန်းမာရေးလမ်းနေ (ဦးအောင်ကြည်) - ဒေါ်စွမ်တို့၏ သားကြီး၊ ထုပါရုံ(၃)လမ်းနေ (ဦးထွန်းဖဲ)-ဒေါ်သန်းသန်း(ကိုကိုနိုင်၊ ပရိဘောဂ-၂)တို့၏ သားသမက်၊ ဦးကြည်အောင်-ဒေါ်သင်းသင်းညွန့်၊ ဦးမောင်မောင်စိုး-ဒေါ်ချိုချိုဝင်း (နှောင်ရိုးပရိဘောဂ)၊ ဒေါ်မြမြဝင်း(ခ)ဒေါ်မူမူ၊ ဦးကိုကို-ဒေါ်ခင်သီတာ(ကောင်းမြတ်သူပရိဘောဂ)၊ ဦးကိုကိုနိုင်-ဒေါ်နွဲ့နွဲ့ရီ(ကိုကိုနိုင် ပရိဘောဂ-၁)၊ ဦးကိုကိုခိုင်၊ ဒေါ်သန်းသန်းအေးတို့၏ညီ/မောင်၊ဦးခင်မောင်တင့်-ဒေါ်စန်းစန်းတင့်တို့၏ အစ်ကို၊ မောင်ဇာဏီထွန်း၊ မောင်နိုင်ကိုဝင်း B.C.Sc(1st year M.D.Y)၊ မမြသော်တာဝင်း (အထက-၁၊ သာကေတ၊ VIII-A)တို့၏ မွေးသဖခင် ဒေါ်မိမိသော်၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၉-၆-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ထုပါရုံ ၃လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်တင် (၈၃)နှစ်
(သဲကုန်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၃၀)နေ (ဦးတုပ်လှ-ဒေါ်သန့်)တို့၏သမီးကြီး၊ (ဦးဘောညွန့်)၏ဇနီး၊ (ဦးမောင်မောင်)-ဒေါ်အေး အေး၊ (ဦးရွှေလုံး)-ဒေါ်ကြည်ကြည်၊ ဦးကျော်သိန်း-ဒေါ်ခင်တာတာတို့၏ အစ်မကြီး၊ ဦးလှထွန်း-ဒေါ်နီနီညွန့်(သ/မ ဦးစီးဌာန)၊ ဦးထူးလှအောင်-ဒေါ်စန္ဒာ၊ ဒုတိယဗိုလ်မှူးကြီး ထွန်းလှအောင်-ဒေါ်ခင်သန့်ဇင်(တရားရုံးချုပ်)တို့၏မိခင်၊ မြေး၁၀ယောက်၊မြစ်လေးယောက်တို့၏ အဘွားသည် ၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၀-၆-၂၀၀၄(ကြာသပတေးနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကြည် (၇၉)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊လှိုင်မြစ်လမ်း၊ကမ်းနားအလယ်နေ (ဦးမှူ-ဒေါ်ချစ်စိန်)တို့၏ သား၊ ဒေါ်စောတင်၏ခင်ပွန်း၊ ကိုအေးဝင်း-မအေးရီ၊ ကိုဟန်ရွှေ-မသိန်းလှ၊ ကိုဝင်းသိန်း-မငွေငွေဦး (အထက-၃၊ကြည့်မြင်တိုင်)၊ (ကိုခင်မောင်မြင့်)-မတင်တင်အေး၊ ကိုအေးကြည် (အဝေးသင်တက္ကသိုလ်)-မနီနီမြင့်(ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း)၊ မစမ်းစမ်းမြင့်(အမက-၂၆၊ ဖော့ကန်)၊ ကိုသိန်းနိုင်-မမိုးမိုး၊ ကိုကျော်မင်းနိုင်-မနွဲ့ယဉ်ဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ အင်းစိန်မြို့၊ အမှတ်(၂၆၇)၊ သီရိမင်္ဂလာလမ်းနေ မြေး ၁၇ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုး ဦးကြည်သည် ၈-၆-၂၀၀၄ (အင်္ဂါနေ့) တွင်ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဘုန်းနိုင် (၇၃)နှစ်
တပ်မတော်(ရေ) ငြိမ်း
ကြည့်မြင်တိုင်မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်၊ (ကျုံပျော်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း (အထက်)၊အမှတ်(၆၇)နေ ဦးအောင်ကျော်ဝေ-ဒေါ်စိန်တင်တို့၏ သား၊ ဦးလှဖေ-ဒေါ်ကြွေတို့၏ သားသမက်၊ ဒေါ်သိန်းရီ၏ ခင်ပွန်း၊ ဦးမျိုးမြင့်-ဒေါ်ရီရီနိုင်၊ ဦးသန့်ဇင်-ဒေါ်တင်တင်နိုင်၊ ဦးဝင်းနိုင်-ဒေါ်ခင်အုံးမြင့်၊ ဦးအောင်ထွဋ်-ဒေါ်မို့မို့နိုင်၊ (ဦးသောင်းနိုင်)၊ (ဦးညီညီနိုင်)၊ ဦးဝင်းကိုမောင်-ဒေါ်ထွေးပပနိုင်၊ မောင်နေမျိုးနိုင်တို့၏ ဖခင်၊ မောင်မျိုးသီဟ-မသဇင်ထွန်း၊ မထက်ထက်နိုင်၊ မောင်ကောင်းမြတ်နိုင်၊ မခြူးရတနာနိုင်၊ မောင်ငြိမ်းချမ်းထက်၊ မောင်ညီညီနေနိုင်အောင်၊ မဝတ်မှုံဦး၊ မသဲထက်ထက်စံတို့၏အဘိုးသည် ၈-၆-၂၀၀၄ (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဦးအောင်မင်း (၇၂)နှစ်
(မြိတ်)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အမှတ်(၁၀၉)နေ၊ ဦးမဲ၊ ဒေါ်စိန်အေးတို့၏သား၊ ဒေါ်ထွေးကြည်၏ခင်ပွန်း ဦးအောင်မင်း ရာသက်ပန်အသင်းဝင်အမှတ်(၂၄၉)သည် ၇-၆-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁-၆-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။မြိတ်အသင်းမှကားများနံနက်၁၁နာရီတွင် ထွက်ပါမည်။ အမှုဆောင်အဖွဲ့။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)
ဦးကျော်လွင် အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၂/၅၁၀)နေ ရာသက်ပန်အသင်းသူဒေါ်ခင်စောဦး ၏ ခင်ပွန်း ရာသက်ပန်အသင်းသား ဦးကျော်လွင်သည်၇-၆-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄ရက် နံနက် ၁၁နာရီ တွင်ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါ၍ အသင်းသားများပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကေသရ
သိက္ခာတော်(၆၉)ဝါ၊သက်တော်(၈၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်၊ မြတောင်ကျောင်းတိုက်၊ ရန်ကုန်ကျောင်း၊ မြတောင်တိုက် ပဓာန နာယကသြဝါဒါစရိယ မဟာအောင်မြေမြို့နယ်၊ သံဃနာယကအဖွဲ့ သြဝါဒါစရိယ၊ သက်တော်ရှည်တိုက်အုပ် ဆရာတော်ကြီး ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်၄ရက်၊ ၆-၆-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော်၁၀ရက်၊ ၁၂-၆-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကျင်းပပြီး မြတောင်ကျောင်းတိုက်၊ ရန်ကုန်ကျောင်းမှ တောင်မြင့်သုသာန်သို့ ပင့်ဆောင်၍ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားပါသည်။ ကျောင်းထိုင်နာယကဆရာတော်များ၊ ဈာပနကော်မတီနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ဦးသာထူး (၇၆)နှစ်
လှဝင်မှုကြီးကြပ်ရေးမှူး(ငြိမ်း)
(စစ်တွေ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်၁၆၊ ရွှေတောင်တန်းလမ်းနေ (ဦးရွှေပွင့်-ဒေါ်နှင်းဖြူ)၊ (ဦးမြသာ-ဒေါ်အောင်မေ)တို့၏ သား၊ သမက်၊ ဒေါ်ရင်နု၏ခင်ပွန်း၊ ဒေါက်တာလှဦး-ဒေါ်သူဇာ၊ ဦးထွန်းအေးအောင်-ဒေါ်ဦးလှမေ၊ ဦးထွန်းရွှေအောင်-ဒေါ်ရှုမင်း၊ ဒေါ်မသာနု၊ ဒေါ်မခင်နုတို့၏ အစ်ကို/ မောင်၊ ဦးဇော်ထူးဦး(မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဌာနချုပ်)-ဒေါ်သင်းမာစန်း(အမှတ်-၂၊ သတ္တုတွင်း)၊ ဦးအောင်ထူး-ဒေါ်ခင်လှသိန်း၊ ဒေါ်အေးအေးထူး-ဦးဇော်တိုးဦး၊ ဦးသိန်းထူး(စီမံကိန်းမန်နေဂျာ၊ ဒဂုံအရှေ့စက်မှုမြို့၊ မြို့ရွာ/အိုးအိမ်)-ဒေါ်နီလာညွန့်(မြို့ရွာ/အိုးအိမ်)၊ ဒေါ်ခင်မြင့်ထူး (Everbright Co.,Ltd.)-ဦးပိုးစိုင်းဗုက်တို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်၁၆၊ ရွှေတောင်တန်းလမ်းနေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးအောင်သန်း (၇၂)နှစ်
လက်ထောက်ကျန်းမာရေးမှူး
(အငြိမ်းစား)
အင်္ဂပူ၊ညောင်ကျိုးကျေးရွာ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊ ရေတံခွန်(၂)လမ်း၊ အမှတ်(၁၀၅၆)နှင့်အင်္ဂပူမြို့နယ် ညောင်ကျိုးရွာနေ (ဦးမှု-ဒေါ်စောလှ)တို့၏ သား၊ ဒေါ်ခင်စု၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန့်စင်)-ဒေါ်သန်းသန်းဦး၊ ဦးဝင်းအောင်ကျော်-ဒေါ်တင်တင်ဝေ၊ ဒေါ်နီလာအောင်၊ ဦးသိန်းအောင်ဌေး-ဒေါ်ဝင်းမာ၊ မသီတာအောင်၊ မောင်အောင်ကျော်ဌေး၊ မောင်သူရအောင်-မသဥ္စာပပဟန်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၆-၂၀၀၄ရက် တွင် ကွယ်လွန်ပါ၍ ၈-၆-၂၀၀၄ရက်တွင် ထန်းပင်ကုန်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင် (၆၃)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးကျေးရွာနေ (ဦးဖိုးသွယ်-ဒေါ်သိန်းတင်)တို့၏သမီး၊ အထက (၂)၊ဒဂုံကျောင်းဝင်းနေ(ဦးထွန်းတင်)-ဒေါ်ကျင်မြ၊အထက(၃) ဒဂုံကျောင်းဝင်းနေ (ဦးမောင်သင်)-ဒေါ်တင်ငွေ၊ ဦးဌေးလှိုင် - ဒေါ်ခင်ဌေး(ရွှေပြည်စိုးလက်ဖက်ရည်ဆိုင်)တို့၏ညီမ၊ ဦးစံလှ (ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်စန်းရီ၊ ဦးမင်းမင်းဦး(မိုးယံဆံသ)-ဒေါ်စန်းစန်းရီ(နိုင်ငံခြားရေး ဝန်ကြီးဌာန)၊ ဦးရန်နိုင်-ဒေါ်ခင်ဆွေယု (ခေတ်လိုက်ဆံသ)၊ ဦးတင်မြင့် (အထက-၃၊ဒဂုံ)၊ ဦးထွန်းထွန်းဦး-ဒေါ်သီတာထွေး(ခွာညိုသင်းစတိုး)၊ ဦးသန်းဇော်ဦး၊ ဦးစိုးသိန်း၊ မရီရီတင်၊ မမျိုးမျိုး၊ ဦးအေးဇော်-ဒေါ်မြင့်မြင့်ခိုင်တို့၏ အဒေါ်၊ မမြင့်မြင့်သူ၊ မောင်ကောင်းဆက်ဟန်၊ မငုဇာသင်း၊ မခွာညိုသင်း၊မနှင်းအင်ကြင်းတို့၏အဘွားလေး၊ မြေးငါးယောက်တို့၏ အဘွားလေး ဒေါ်ကျင်သည် ၈-၆-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍၁၀-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Dai Cin Pau (Valte House). အသက်(၈၂)နှစ်
Haiciin Khua, Cikha Township
ချင်းပြည်နယ်

ချင်းပြည်နယ်၊ ဟိုင်ကျင်းရွာနေ(Pu Thang Za Cin - Pi Ning Khaw Cing တို့၏ သားကြီး၊ Pu Gin Thang (Guite)-Pi Kai Man တို့၏ သားသမက်၊ Nu Ciin Zam, Sgt. Thang Za Vungh(Retd.)-Nu Ciin Khan Niang(ကလေးမြို့)၊ Nu Dim Khaw Vung-Pa Kai Khan Nang (Seelbung)၊ Flt-Sgt Laang Cin Lal(d)- Nu Niang Za Man (ရွှေပြည်သာ)၊ Pa C.Thang Za Tuan(ဒု-ညွှန်ချုပ်၊ အမှတ်-၁၊ အခြေခံပညာဦးစီးဌာန) - Nu Cin Khan Lun(ဓမ္မအမှုတော်ဆောင်)၊ Nu Zam Khan Vung-Sgt. Cin Do Kap (Retd.)(ရွှေပြည်သာ)တို့၏ အစ်ကိုကြီး၊ Pa Cin Go Lam Thang (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ-မော်ဘီ)-Nu Vung Khen Niang, Nu Cing Khaw Hau- Pastor Kham Za En, Cpl. Mang Khaw Kham(မကွေးမြို့)-Nu Cing Sian Zam. Nu Ngai Khan Niang-Sgt. Kham Khaw Mang (Shillong), Nu Lal Zeel Cing-Cpl. Mang Khan Lian(နမ့်စန်)၊Pa Kham Lian Suan-Nu Vung Za Ciinတို့၏ မွေးသဖခင်၊ Nu Ning Khaw Vung (Pu Pum Khaw Mang ၏အစ်မကြီး၊ ရန်ကုန်)၏ ခင်ပွန်း၊ မြေး ၃၂ ယောက်တို့၏ အဘိုးသည် ၇-၆-၂၀၀၄ ရက်တွင် ဟိုင်းကျင်းရွာ၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၀၄ရက်တွင် ဇာတိရပ်ရွာ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဘဝင်း(၄၃)နှစ်
ဝပ်ရှော့ဆရာ

ရန်ကုန်တိုင်း၊ သာကေတမြို့နေ (ဦးအောင်ကြည်) - ဒေါ်စွမ်တို့၏သား၊ (ဦးထွန်းဖဲ)-ဒေါ်သန်းသန်းတို့၏ သားသမက်၊ ဦးစောအောင်-ဒေါ်ငယ်၊ ဦးလှဝင်း-ဒေါ်မုန်းတို့၏တူ၊ ဦးမောင်မောင်-ဒေါ်အေးအေး၊ ဦးထွန်းမြိုင်-(ဒေါ်မြမြဝင်း)၊ ဦးခင်မောင်ဝင်း-ဒေါ်ကြူ၊ ဦးသိန်းဝင်းကြီး-ဒေါ်ခင်မြင့်တို့၏ မောင်၊ ကိုသိန်းဝင်း-မမိုးသီတာ တို့၏အစ်ကို၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထုပါရုံအရှေ့(၃)လမ်း၊ အမှတ်(၁၂၁၁)နေ ဒေါ်မိမိသော်၏ ခင်ပွန်း၊ မောင်ဇာနည်ထွန်း၊ မောင်နိုင်ကိုဝင်း၊ မမြသော်တာဝင်းတို့၏ ဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၇-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများမွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသာစု။

ကိုညီညီခိုင်(၃၉)နှစ်
(ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၄)၊ သီတာလမ်းနေ (ဦးပန်းခိုင်)-ဒေါ်သန်းအေးတို့၏ သား၊ မဝေဝေခိုင်၊ (ကိုတင်မြင့်)၊ မဝင်းဝင်းခိုင်၊ မညိုညိုခိုင်၊ ကိုထွန်းထွန်း-မတင်တင်ဝင်းတို့၏မောင်၊ ကိုမြင့်ခိုင်-မနွယ်နွယ်တို့၏ ညီ၊ ကိုမောင်မောင်ခိုင်၊ မောင်ထက်ဝေယံထွန်း၊ မောင်ညိမ်းစိုးအောင်တို့၏ ဦးလေးသည် ၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၆-၂၀၀၄(ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၁း၃၀နာရီတွင် သစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း တစ်ဦးအခက်အခဲကိုလျှင် တစ်ဦးကပါဝင်ကူညီဖြည့်ဆည်း ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ပြီး အလှူငွေနှင့်ပစ္စည်းများ လက်ခံ

ရန်ကုန် ဇွန် ၈

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဇွန်၇ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၇ရက်က ရခိုင်ပြည်နယ်စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ်အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရန်ကုန်မှ လိုက်ပါလာကြသည့် အလှူရှင်များ၊NGOအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက မေ၁၉ရက်တွင် တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်စစ်တွေ၊ ပေါက်တော၊မြေပုံနှင့် ကျောက်ဖြူမြို့နယ်များ၌ လူနေအိမ်ပျက်စီးဆုံးရှုံးမှု၊ဌာနဆိုင်ရာနှင့် ဘာသာရေးအဆောက်အအုံများပျက်စီးမှု၊ အခြေခံပညာကျောင်းများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

*** နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
*** အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
*** ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
*** ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

*** စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
*** ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး**
*** ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
*** နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

*** တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
*** အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး**
*** မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
*** တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

အမျိုးသားညီလာခံအစုအဖွဲ့များ စာတမ်းဖတ်ကြား သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၈

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ စာတမ်းဖတ်ကြားခြင်းနှင့် သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ၌ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍**

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လေ့ကျင့်

ယခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲကြီးနှစ်ခု ဝင်ရောက်ဆင်နွှဲမည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းမှ ဂိုးသမား အောင်အောင်ဦး လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာဘောလုံးအသင်း L.G ဖလားနှင့် တိုက်ဂါးဖလားပွဲ ပြိုင်မည် လက်ရွေးစင်နှင့်လူငယ်လက်ရွေးစင်များ ရွေးချယ်ထား ကြံ့ခိုင်မှု၊ ကစားကွက်နှင့်တွဲလုံး ဦးစားပေးလေ့ကျင့်နေ

သတင်းဆောင်းပါး -ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇွန် ၈

မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲကြီးနှစ်ခု ဝင်ရောက်ဆင်နွှဲမည်ဖြစ်သည်။ ဝင်ရောက်ဆင်နွှဲမည့် ပြိုင်ပွဲနှစ်ခုမှာ ဩဂုတ်အတွင်း၌ ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် L.G ဖလားအမျိုးသားအကြီးတန်းဘောလုံးပြိုင်ပွဲနှင့် ဒီဇင်ဘာလအတွင်း၌ မလေးရှားနှင့်ဗီယက်နမ်တို့တွင် ကျင်းပမည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတို့ဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✻**